# ဒသမတန်းစိတ်ကြိုက်မြန်မာစာ

## ဆရာလမ်းညွှန်အမှာစာ

အထက်တန်းအဆင့် စိတ်ကြိုက်မြန်မာစာသင်ရိုးဘာသာရပ်ကို အောက်ပါရည်ရွယ်ချက်များဖြင့် သင်ကြားခြင်းဖြစ်ပါသည်။

၁။ သုတ၊ ရသစကားပြေရေးဖွဲ့ပုံနှင့် အလင်္ကာတန်ဆာဆင်ပုံကို အကဲဖြတ်တတ်စေရန်

၂။ စာပေပုံစံအမျိုးမျိုးတို့ကို လေ့လာသိရှိပြီး ကိုယ်တိုင်ဖန်တီးတတ်စေရန်

၃။ ကဗျာပါအကြောင်းအရာနှင့် ကဗျာဖွဲ့စပ်ပုံကို နားလည်အကဲဖြတ်တတ်စေရန်

၄။ ပြဇာတ်နှင့် ဝတ္ထုတိုတို့၏ သဘောသဘာဝကို သိရှိပြီး ကိုယ်တိုင်ဖန်တီးတတ်စေရန်

၅။ မြန်မာစာပေသမိုင်းကို လေ့လာခြင်းဖြင့် ခေတ်အဆက်ဆက်ဖွံ့ဖြိုးတိုးတက်လာသော မြန်မာစာပေ၏ သမိုင်းစဉ်ကို သိရှိလာစေရန်

ဤအမှာစာတွင် ဆရာလမ်းညွှန်စာအုပ်မိတ်ဆက် (Introduction)၊ သင်ခန်းစာအစီအစဉ်များ (Lesson Plans) နှင့် ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက် (Glossary of Words) ဟူ၍ အဓိကအပိုင်း ၃ ပိုင်း ပါရှိသည်။

### ၁။ ဆရာလမ်းညွှန်စာအုပ်မိတ်ဆက်

ဆရာလမ်းညွှန်စာအုပ်မိတ်ဆက်တွင် ဆရာများသိရှိထားသင့်သော အောက်ပါအကြောင်းအရာများ ပါဝင်သည်။

(က) ကျောင်းသားဗဟိုပြုသင်ကြားနည်းပညာကိုခြုံငုံတင်ပြခြင်း

(ခ) ထိရောက်သောသင်ကြားသင်ယူမှုအတွက်အခြေခံစည်းမျဉ်းများ

(ဂ) ဘလွန်းမ်၏သင်ယူမှုအဆင့်ခွဲခြင်း (Bloom's Taxonomy)

(ဃ) သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင် မေးမြန်းနိုင်သောမေးခွန်းများ

(င) ၂၁ ရာစု ကျွမ်းကျင်မှုများ (21st Century Skills) နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills)

(စ) စာသင်ခန်းအဆင့်စစ်ဆေးအကဲဖြတ်ခြင်းကို ခြုံငုံတင်ပြခြင်း

(ဆ) အလယ်တန်းနှင့် အထက်တန်းအဆင့်စာသင်ခန်းများအတွင်း လူမှုရေးရှုထောင့်များကို ခြုံငုံတင်ပြခြင်း

(ဇ) သင်ရိုးမာတိကာ (Syllabus) နှင့် စာသင်နှစ်တစ်နှစ်စာ သင်ခန်းစာအစီအစဉ် (Year Plan)

(က) **ကျောင်းသားဗဟိုပြုသင်ကြားနည်းပညာကိုမြှင့်တင်ပြခြင်း** – ကျောင်းသားဗဟိုပြုသင်ကြားသည့် အလယ်တန်းနှင့်အထက်တန်းအဆင့် စာသင်ခန်းများတွင် အောက်ဖော်ပြပါ အဓိက အချက်များကို လေ့လာတွေ့ရှိနိုင်ပါသည်။


- ❖ သင်ခန်းစာများသည် စိတ်ဝင်စားဖွယ်ကောင်းပြီး ကျောင်းသားများ၏ လက်တွေ့ဘဝနှင့် ဆီလျော်၍ အဓိပ္ပာယ်ရှိသည်။
- ❖ ကျောင်းသားများသည် တက်ကြွစွာသင်ယူကြပြီး အတန်းဖော်များနှင့် ပူးပေါင်းဆောင်ရွက်ကြသည်။
- ❖ ဆရာများသည် ကျောင်းသားများအတွက် လက်တွေ့ဘဝတွင် တွေ့ကြုံရမည့် အခက်အခဲ ပြဿနာများကို ဖြေရှင်းရသည့်အခြေအနေများနှင့် စိန်ခေါ်မှုများဖန်တီးပေးသည်။
- ❖ ကျောင်းသားများသည် ပြဿနာဖြေရှင်းခြင်း (problem solving) နှင့် အဆင့်မြင့် ဆန်းစစ်တွေးခေါ်ခြင်း (higher level critical thinking) ဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာသည်။
- ❖ ဆရာက ကျောင်းသားများအား ရှင်းပြသည်၊ မေးခွန်းများမေးသည်၊ နားထောင်သည်။ ကျောင်းသားများက ဆွေးနွေးကြသည်၊ မေးခွန်းများမေးကြသည်၊ နားထောင်ကြသည်။

(ခ) **ထိရောက်သောသင်ကြားသင်ယူမှုအတွက်အခြေခံစည်းမျဉ်းများ** – ထိရောက်သော သင်ကြားသင်ယူမှုတွင် ဆရာနှင့် ကျောင်းသားများအတူတကွ အောက်ပါတို့ကို ဆောင်ရွက်ကြသည်။

- ❖ ကျောင်းသားများအတွက် ဆရာက သင်ယူမှုကို ရှင်းလင်းအောင်ဆောင်ရွက်ပေးသည်။ ⇨ **သင်ခန်းစာအကြောင်းအရာနှင့် အသိပညာ**
- ❖ ဆရာနှင့် ကျောင်းသားများသည် သင်ကြားသင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းမျိုးစုံ အသုံးပြုကြသည်။ ⇨ **သင်ကြားနည်းပညာ**
- ❖ ပုံမှန်အားဖြင့် ဆရာနှင့် ကျောင်းသားများသည် တိကျရှင်းလင်းသော အကြံပြုချက် (feedback) များကို အပြန်အလှန်ပေးကြသည်။ ⇨ **စစ်ဆေးအကဲဖြတ်ခြင်း**

**သင်ယူမှုရလဒ်များ (Learning Outcomes)** – သင်ယူမှုအချိန်ကာလတစ်ခုအဆုံး၌ ကျောင်းသားများအား မည်သည့် အသိပညာ၊ ကျွမ်းကျင်မှု၊ စိတ်နေသဘောထား၊ တန်ဖိုးထားမှုများကိုသိရှိသွားစေရန်၊ နားလည်သွားစေရန်၊ ပြုလုပ်နိုင်စေရန် မျှော်မှန်းထားသည်ကို ရှင်းလင်းစွာအဓိပ္ပာယ်ဖွင့်ဆိုထားသော ဖော်ပြချက်များပါရှိသည် (သင်ခန်းစာအစီအစဉ်များ (Lesson plans) ကိုကြည့်ပါ)။

**(ဂ) ဘလွန်းမ်၏သင်ယူမှုအဆင့်ခွဲခြင်း (Bloom's Taxonomy)-** အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားများတွင် အဆင့်မြင့်စဉ်းစားတွေးခေါ်မှုစွမ်းရည်များ (higher order thinking skills) ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်ခန်းစာအစီအစဉ်များ (lesson plans) နှင့် သင်ယူမှုလုပ်ငန်းများ (activities) တွင် ဘလွန်းမ်၏ သင်ယူမှုအဆင့်များ ထည့်သွင်းထားသည်။ သင်ခန်းစာအစီအစဉ်များတွင် ယင်းအဆင့်များကိုဖော်ပြသည့် အဓိကစကားလုံးများ (မှတ်မိသည်၊ နားလည်သည်၊ အသုံးချသည်၊ စိစစ်ပိုင်းခြားသည်၊ အကဲဖြတ်သည်၊ တီထွင်ဖန်တီးသည် အစရှိသည်) ကို ရှာဖွေကြည့်ပါ။




**ဘလွန်းမ်၏ သင်ယူမှုအဆင့်များပြပုံ**

**(ဃ) သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင်မေးမြန်းနိုင်သောမေးခွန်းများ–** ဆရာသည်သင်ခန်းစာ၏ အစ၊ အလယ်၊ အဆုံးအဆင့်များတွင် အောက်ဖော်ပြပါမေးခွန်းများကို မေးမြန်းဆန်းစစ်သင့်ပါသည်။

**<u>သင်ခန်းစာအစတွင်</u>** –

❖ ယခုသင်မည့် သင်ခန်းစာပြီးဆုံးသွားလျှင် ကျောင်းသားများသည် မည်သည့်ကျွမ်းကျင်မှုများနှင့် အသိပညာများကို သင်ယူရရှိသွားမည်နည်း။

❖ စီစဉ်ထားသော သင်ယူမှုလုပ်ငန်းများကို လုပ်ဆောင်ရန် ကျောင်းသားများကို မည်သို့စုစည်းမည်နည်း။

❖ ဆရာသည် မည်သည့်သတင်းအချက်အလက်များ လိုအပ်သနည်း။ ကျောင်းသားများသည် မည်သည့် သတင်းအချက်အလက်များ လိုအပ်သနည်း။

❖ ဆရာသည် မည်သည့်ကိရိယာ/သင်ထောက်ကူပစ္စည်းများ လိုအပ်သနည်း။ ကျောင်းသားများသည် မည်သည့်ကိရိယာ/သင်ထောက်ကူပစ္စည်းများလိုအပ်သနည်း။

❖ သင်ထောက်ကူပစ္စည်းများကို မည်သို့ ရရှိစုစည်းပြီး အသုံးပြုမည်နည်း။

❖ မည်သည့် ရလဒ်ရလိမ့်မည်ဟု သင်ထင်သနည်း။

<u>**သင်ခန်းစာအလယ်တွင်–**</u>

❖ သင်ခန်းစာ/သင်ယူမှုလုပ်ငန်းသည် မျှော်မှန်းထားသကဲ့သို့ဖြစ်နေမှု ရှိ၊ မရှိ

❖ ကျောင်းသားများက သင်ခန်းစာကို နားလည်စေရေးအတွက် အထောက်အကူပြုနိုင်ရန် ဆရာအနေဖြင့် လိုအပ်သော အခြားသတင်းအချက်အလက်များ ရှိ၊ မရှိ

<u>**သင်ခန်းစာအဆုံးတွင်–**</u>

❖ မျှော်မှန်းထားသည့်အတိုင်း ဆရာ၏ သင်ကြားမှုလုပ်ငန်း ပြီးမြောက်ခဲ့ခြင်း ရှိ၊ မရှိ

❖ သင်ခန်းစာသည် ကျောင်းသားများကို စဉ်းစားတွေးခေါ်စေသည့် အခြားမေးခွန်းများ ထွက်ပေါ်စေခဲ့ခြင်း ရှိ၊ မရှိ

❖ အခြားသင်နည်းတစ်မျိုးနှင့် ဆောင်ရွက်ခဲ့သင့်ခြင်း ရှိ၊ မရှိ

❖ ဆရာ သို့မဟုတ် ကျောင်းသားများသည် ဤသင်ခန်းစာမှ မည်သည်တို့ကို သင်ယူ နိုင်ခဲ့ကြသနည်း။

❖ ဆရာ၏သင်ကြားမှုသည် ကျောင်းသားတစ်ဦးချင်းစီ၏ သင်ခန်းစာပါသဘောတရားများ နားလည်မှုကို စစ်ဆေးရန် အထောက်အကူဖြစ်ခဲ့ခြင်း ရှိ၊ မရှိ

❖ ဤသင်ခန်းစာကိုလည်းကောင်း၊ နောင်သင်ကြားမည့် သင်ခန်းစာကိုလည်းကောင်း ပိုမိုကောင်းမွန်စေရန် မည်သည်တို့ကို ထည့်သွင်းသင်ကြားရန် လိုအပ်မည်နည်း။

(င) **၂၁ရာစုကျွမ်းကျင်မှုများ (21st Century Skills)နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills)**- လူငယ်များသည် ရှုပ်ထွေးသောကမ္ဘာလောကကြီးတွင် လျှောက်လှမ်းရမည့်ဘဝခရီးနှင့် အလုပ်ခွင်အတွက် ၂၁ ရာစု ကျွမ်းကျင်မှုများနှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ လိုအပ်ပါသည်။ C -၅လုံး (5 C's) သို့မဟုတ် သင်ယူမှုအတွက် အရေးကြီးသော ကျွမ်းကျင်မှုများမှာ-

❖ **ပူးပေါင်းဆောင်ရွက်ခြင်း (Collaboration)**- အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်ခြင်း **(Group Work)**- ကျောင်းသားများအား အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်တတ်ရန်၊ အတွေးအခေါ်များ မျှဝေခြင်းနှင့် အဖြေများ အတူရှာဖွေတတ်ရန်အားပေးသည်။

❖ **ဆက်သွယ်ပြောဆိုခြင်း (Communication)-** နှုတ်အားဖြင့်၊ ကိုယ်ဟန်အမူအရာအားဖြင့် ဆက်သွယ်ခြင်း- စာဖတ်ခြင်း၊ စာရေးခြင်း၊ စကားပြောခြင်း၊ နားထောင်ခြင်းတို့ဖြစ်သည်။

❖ **လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း (Critical Thinking and Problem Solving)-** ကျောင်းသားများအား ပြဿနာများ၏အဖြေများကို ရှာဖွေခြင်းနှင့် အမှားပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခွင့်ပေးသည်။

❖ **တီထွင်ဖန်တီးခြင်း (Creativity and Innovation)-** အတွေးအခေါ်အယူအဆသစ်များ ရှာဖွေခြင်းနှင့် ပြဿနာများကိုဖြေရှင်းခြင်းတို့ပြုလုပ်ရန် ဘောင်ခတ်ထားသည့် အခြေအနေမှ ပြင်ပသို့ ထွက်၍ တွေးခေါ်စေခြင်းဖြစ်သည်။

❖ **နိုင်ငံသားကောင်းဖြစ်ခြင်း (Citizenship) -** ကျောင်းလူမှုအဖွဲ့အစည်းများတွင် တက်ကြွစွာပါဝင်လုပ်ဆောင်ခြင်း၊ တရားမျှတခြင်းနှင့် ပဋိပက္ခဖြေရှင်းခြင်းစိတ်ဓာတ် ရှိခြင်းတို့ ဖြစ်သည်။

**(စ) စာသင်ခန်းအဆင့်တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းကို ခြုံငုံတင်ပြခြင်း–** သင်ယူမှုအတွက် စစ်ဆေးအကဲဖြတ်မှုအားလုံး၏ ၉၀%ကို သင်ကြားနေစဉ်အတွင်း ဆောင်ရွက်ခြင်းဖြစ်သည်။ ကျောင်းသားနှင့် ဆရာတို့အား အကြံပြုချက်များ (Feedback) ချက်ချင်းပေးရန်အတွက် စာသင်ခန်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်းကို အသုံးပြုသည်။ ဤစစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအား ရှေ့ဆက် အောင်မြင်စွာ သင်ယူလိုပါက နောင်တွင် မည်သို့သင်ယူရန် လိုအပ်သည်ကိုခွဲခြားသိရှိနိုင်စေရန် ကူညီပေးသည်။ ဆရာများသည် ထိရောက်သောသင်ကြားရေးနည်းဗျူဟာများနှင့် ထိရောက်မှုနည်းသော သင်ကြားရေးနည်းဗျူဟာများကို ခွဲခြားသတ်မှတ်ရန် သင်ကြားနေစဉ်အတွင်း လေ့လာကြည့်ရှုခြင်းများ ပြုလုပ်နိုင်သည်။

(၁) **စာသင်ခန်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်းတွင် အောက်ပါနည်းလမ်းများပါဝင်သည်–**

❖ **ကျောင်းသားဗဟိုပြုမှု–** ဆရာနှင့်ကျောင်းသားများသည် သင်ကြားရေးထက် သင်ယူမှုကို လေ့လာကြည့်ရှုရေးနှင့် သင်ယူမှုပိုမိုကောင်းမွန်ရေးကို ပိုမိုအလေးထားကြသည်။ ကျောင်းသားများသည် (ဆရာက မည်သည်ကို လုပ်ဆောင်ရန်ပြော၍ မဟုတ်ဘဲ) မည်သည်ကိုသင်ယူရန် နားလည်ကြသည်။

❖ **ဆရာ၏ဆုံးဖြတ်စီစဉ်မှု–** ဆရာအသီးသီးသည် မည်သည်ကို၊ မည်သို့စစ်ဆေး အကဲဖြတ်ရမည်နှင့် စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသည့်အချက်အလက်များကို မည်သို့အသုံးပြုဆောင်ရွက်မည်ဆိုသည်ကို ဆုံးဖြတ်သည်။

❖ **ကျောင်းသားများ၏ တက်ကြွသောပါဝင်ဆောင်ရွက်မှု** – ကျောင်းသားများသည် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ်ပါဝင်သောကြောင့် မိမိတို့ မည်သည့်အရာကို သင်ယူသင့်သည်ကို ပိုမိုနားလည်ကြသည်။ ထို့ပြင် မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း (Self-Assessment) တွင်လည်း ပိုမို ကျွမ်းကျင်လာသည်။ ကျောင်းသားများသည် ဆရာက ၎င်းတို့ကို သင်ယူသူအဖြစ် စိတ်ဝင်စားမှုရှိကြောင်း သတိပြုမိသောအခါ သင်ယူလိုစိတ် မြင့်မားလာသည်။

❖ **သင်ကြားသင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်း(Formative Assessment)** – သင်ကြား သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသား၏သင်ယူမှုတိုးတက်မှု အခြေအနေအကြောင်းကို ဆရာ သိရှိစေရန်အထောက်အထားပေးသည်။ သင်ကြားသင်ယူစဉ် စစ်ဆေးအကဲဖြတ်မှသာ ဆရာက ကျောင်းသားများ၏ သင်ယူမှု တိုးတက်စေရန် ကူညီပေးနိုင်မည်ဖြစ်သည်။ ဆရာက ကျောင်းသားများ သင်ယူမှုဆိုင်ရာ အထောက်အထားကို အကောင်းဆုံး မည်သို့မှတ်သားမည်ကို ဆုံးဖြတ်ရန်လိုအပ်သည်။ ရရှိသည့်အထောက်အထားအပေါ်မူတည်၍ ဆရာသည် ကျောင်းသား၏ သင်ယူမှုတိုးတက်စေရန် မိမိ၏သင်ကြားမှုကို ကိုက်ညှိနိုင်သည်။ ဆရာများ၏ သင်ကြား သင်ယူစဉ် စစ်ဆေးအကဲဖြတ်မှုစွမ်းရည်နှင့် နည်းလမ်းများ ပိုမိုကောင်းမွန် စေရေးအတွက် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills: C-၅လုံး) ဖွံ့ဖြိုးရေးကို စတင်ဆောင်ရွက်ရန်အရေးကြီးသည်။ ဆရာတိုင်းတွင် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများရှိလျှင် သင်ခန်းစာတိုင်းတွင် ကျောင်းသားများ၏သင်ယူမှုကို မြှင့်တင်အားပေးနိုင်မည် ဖြစ်သည်။

## (၂) စာသင်ခန်းအဆင့်သင်ကြားစဉ်စစ်ဆေးအကဲဖြတ်ခြင်းအတွက်နည်းဗျူဟာများ

❖ **လေ့လာကြည့်ရှုခြင်း(Observation)** – လက်တွေ့လုပ်ငန်းများ၊ တွေ့ရှိချက်များ တင်ပြခြင်းများအတွက် အုပ်စုလိုက်ပြင်ဆင်ဆောင်ရွက်နေကြစဉ် ၎င်းတို့၏အပြုအမူများအပါအဝင် ကျောင်းသားများအား တိုက်ရိုက်လေ့လာကြည့်ရှုခြင်းနှင့် တွေ့ရှိချက်များကို မှတ်တမ်းထားခြင်းဖြစ်သည်။ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills: C-၅လုံး)ကိုလည်း လေ့လာကြည့်ရှုပါ။

❖ **မေးခွန်းများမေးခြင်း(Questioning)** – ဆရာသည် ကျောင်းသားများ၏ သိနားလည်မှု (ဘာလွန်းမ်၏ သင်ယူမှုအဆင့်ခွဲခြင်း)ကို ဆုံးဖြတ်ရန် မေးခွန်းများမေး၍ ရရှိသောရလဒ်အရ ၎င်း၏သင်ကြားမှုကို ချိန်ဆသည်။ ဤသို့ဆောင်ရွက်ခြင်းသည် သင်ခန်းစာများ သို့မဟုတ်

သင်ခန်းစာတစ်ခု၏ နောက်ဆုံးအဆင့်ဖြစ်သော ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်းတွင်သာမက စာသင်ကြားစဉ် အချိန်မရွေးဖြစ်ပေါ်နိုင်သည်။

❖ **ကျောင်းသားများ၏သင်ယူမှုဂျာနယ်(Student Learning Journal)–** ဆရာသည် စဉ်းစားဖြေဆိုရသည့် မေးခွန်းများ (Open-ended Questions) (ဥပမာ- မည်သည်ကို သင်ယူခဲ့ပြီးဖြစ်သည်၊ မည်သည်ကို သင်ယူရန်လိုအပ်နေသေးသည်)ကိုပေး၍ ကျောင်းသားများအား လေ့ကျင့်ခန်းစာအုပ်တွင် အဖြေများရေးသားစေခြင်းဖြစ်သည်။ ဤကဲ့သို့ သင်ယူမှုဂျာနယ်ရေးခြင်းကို သင်ခန်းစာပြီးဆုံးသောအခါ ပြန်လည်သုံးသပ်ခြင်းအဖြစ် သုံးနိုင်သည်။ ထို့ပြင် နောက်သင်ကြားမည့်သင်ခန်းစာ ရည်ရွယ်ချက်နှင့်ပတ်သက်ပြီး ကျောင်းသားများအား ၎င်းတို့သိရှိပြီးသောအကြောင်းအရာများကိုရေးသားစေပြီး သင်ခန်းစာ၏အစတွင် ကျောင်းသားများ၏ ယခင်ရှိပြီးသားဗဟုသုတကိုဆုံးဖြတ်ရန် အသုံးပြုနိုင်သည်။ ဆရာသည် ကျောင်းသားများ၏ သင်ယူမှုဂျာနယ်များကို နမူနာ (ဥပမာ- ၁၀အုပ်) ကောက်ယူကြည့်၍ တစ်တန်းလုံး၏ တတ်မြောက်မှုအခြေအနေ သို့မဟုတ် ယခင်ရှိပြီးသားဗဟုသုတကို ခြုံငုံအကဲဖြတ်ခြင်းနှင့် တွေ့ရှိချက်အပေါ်မူတည်၍ သင်ကြားမှုထိန်းညှိခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

**(ဆ) အလယ်တန်းနှင့်အထက်တန်းအဆင့် စာသင်ခန်းများအတွင်း လူမှုရေးရှုထောင့် များကို ခြုံငုံတင်ပြခြင်း (ကျား–မ၊ လူမျိုးစု၊ လူမှုရေးအဆင့်အတန်းနှင့် မသန်စွမ်းမှု)–** အမျိုးသားပညာရေးဥပဒေ (၂၀၁၄) ၌ သင်ရိုးညွှန်းတမ်းသည် မတူကွဲပြား ခြားနားခြင်း (diversity)ကို နားလည်လက်ခံသော၊ တန်းတူညီမျှမှု (equality)ကို အလေးထားသော၊ ဒီမိုကရေစီ အလေ့အကျင့်နှင့် လူ့အခွင့်အရေး (human rights) ဆိုင်ရာစံနှုန်းများကို တန်ဖိုးထားသော နိုင်ငံသားကောင်းများ မွေးထုတ်ပေးနိုင်ပြီး တိုင်းရင်းသားမျိုးနွယ်စုအသီးသီး၏ ကြွယ်ဝသောစာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံနှင့် သမိုင်းအမွေအနှစ်တို့ကို မြှင့်တင်နိုင်စွမ်းရှိသည့်အပြင် နိုင်ငံတကာ ပညာရေးသင်ရိုးညွှန်းတမ်းများနှင့် လိုက်လျောညီထွေရှိရမည်ဟု ဖော်ပြထားသည်။

❖ အခြေခံစည်းမျဉ်းအနေဖြင့် စာသင်ခန်းများသည် ကျား-မ၊ လူမျိုးစု၊ လူမှုရေး အဆင့်အတန်းနှင့် မသန်စွမ်းမှုတို့ကို မခွဲခြားဘဲ ကျောင်းသားအားလုံး အကျုံးဝင် (inclusive) စေရန် ဖြစ်သည်။ အားလုံးအကျုံးဝင်ပြီး သာတူညီမျှမှု (equity) ရှိသော ကျောင်းပတ်ဝန်းကျင်သည် ကျောင်းသားတစ်ဦးစီ၏ ကိုယ်ပိုင်လက္ခဏာနှင့် တန်ဖိုးထားမှုကိုထိန်းသိမ်းပြီး အခြားသူများနှင့် မတူကွဲပြားခြားနားမှုကို နားလည် အသိအမှတ်ပြုကာ ကျောင်းသားအားလုံး ပညာသင်ကြားခွင့်ရစေမည်ဖြစ်သည်။

- ❖ နိုင်ငံသားကောင်းဖြစ်စေရန် စေ့ဆော်ပေးသည့် လိုလားဖွယ်ရာအပြုသဘောဆောင်သည့် သဘောထားများနှင့် တန်ဖိုးထားမှုများပါသည့် မိမိ၏လှုပ်ရှား ဆောင်ရွက်မှုများကို နမူနာကောင်းများအဖြစ် ဆရာသည်ကျောင်းသားများအား ပြသရန်လိုအပ်ပါသည်။ ယင်းအပြုသဘောဆောင်သည့် သဘောထားများနှင့် တန်ဖိုးထားမှုများသည် ကျောင်းသားများတွင်နိုင်ငံသားကောင်းစိတ်ဓာတ်များ ပေါက်ဖွားလာစေမည်ဖြစ်သည်။
- ❖ ထို့ပြင် ဆရာသည် မိမိ၏စာသင်ခန်းအတွင်း လူမှုရေးဘက်လိုက်မှုများကို သတိပြုရှောင်ကြဉ်ရမည်။ ယင်းတို့မှာ တရားသေစွဲမှတ်ထားသောအခန်းကဏ္ဍများ (stereotyped roles)၊ မတူညီသော ယဉ်ကျေးမှုနှင့် မတူညီသောလူမျိုးစု နိုင်ငံသားများအကြား ခွဲခြားဆက်ဆံမှုများ၊ လူမှုရေးအဆင့်အတန်းအရ ဘက်လိုက်မှုများ၊ ရိုးရာဓလေ့ထုံးစံများနှင့် တန်ဖိုးထားမှုများကို လျစ်လျူရှုခြင်းတို့ဖြစ်သည်။ ဆရာသည်မိမိ၏ စာသင်ခန်း၊ သင်ခန်းစာများ၊ ကျောင်းပတ်ဝန်းကျင်တို့တွင် သာတူညီမျှမှုနှင့် အားလုံးအကျုံးဝင်မှုကိုအားကောင်းစေသည့် အခြားဥပမာများ၊ အခွင့်အလမ်းများကိုရှာဖွေပါ။ ကျောင်းသားအားလုံးကိုတန်ဖိုးထား လေးစားရေးအတွက် ကျောင်းရှိ အခြားဆရာများနှင့်လည်း မိမိ၏စိတ်ကူးများကို မျှဝေဆွေးနွေးနိုင်သည်။

**(ဓ) သင်ရိုးမာတိကာ (Syllabus) နှင့်စာသင်နှစ်တစ်နှစ်စာသင်ခန်းစာအစီအစဉ်(Year Plan) –** ဒသမတန်း၊ စိတ်ကြိုက်မြန်မာစာဘာသာရပ် သင်ရိုးမာတိကာ၊ စာသင်နှစ်တစ်နှစ်စာ သင်ခန်းစာအစီအစဉ် (Year Plan) နှင့် သင်ခန်းစာခေါင်းစဉ် အလိုက် အချိန်ခွဲဝေမှုတို့ကို ဇယားများဖြင့် ဖော်ပြထားသည်။

| နယ်ပယ် (Strand) | သင်ယူမှု ရည်ရွယ်ချက်များ (Learning Objectives) | သင်ယူမှုရလဒ်များ (Learning Outcomes) | တတ်မြောက်မှု အညွှန်းကိန်းများ (Achievement Indicators) |
|---|---|---|---|
| စကားပြေ<br>(ရသစကားပြေ)<br>၁။ ဝတ္ထုတို | ❖ ဝတ္ထုတို၏ အရသာကို အပြည့်အဝခံစား တတ်ရန်<br>❖ ဝတ္ထုတိုကိုခံစားပြီး စဉ်းစားတတ်သည့် အလေ့အကျင့်ရရန်<br>❖ ဝတ္ထုတိုမှရလာသည့် အသိအမြင်ကို တန်ဖိုးထားတတ်ရန်<br>❖ ဝတ္ထုတို၏ သဘောတရားကို သိရန် | ❖ ဝတ္ထုတို၏ အရသာကို အပြည့်အဝ ခံစားတတ်လာမည်။<br>❖ ဝတ္ထုတိုကိုခံစားပြီး စဉ်းစားတတ်သည့် အလေ့အကျင့် ရလာမည်။<br>❖ ဝတ္ထုတိုမှရလာသည့် အသိအမြင်ကို တန်ဖိုး ထားတတ်လာမည်။<br>❖ ဝတ္ထုတို၏ သဘောတရား ကို သိလာမည်။ | ❖ ဝတ္ထုတို၏ သဘောသဘာဝများ၊ အင်္ဂါရပ်များကိုသိရှိပြီး ကိုယ်တိုင်ဖန်တီး ရေးသားလာနိုင်ခြင်း |
| (ရသစကားပြေ)<br>၂။ ပြဇာတ် | ❖ ပြဇာတ်၏အရသာကို အပြည့်အဝ ခံစားတတ်ရန်<br>❖ ပြဇာတ်ကိုခံစားပြီး စဉ်းစားတတ်သည့် အလေ့အကျင့်ရရန်<br>❖ ပြဇာတ်မှရလာသည့် အသိအမြင်ကို တန်ဖိုးထားတတ်ရန်<br>❖ ပြဇာတ်၏ သဘောတရားကိုသိရန် | ❖ ပြဇာတ်၏အရသာကို အပြည့်အဝ ခံစား တတ်မည်။<br>❖ ပြဇာတ်ကိုခံစားပြီး စဉ်းစားတတ်သည့် အလေ့အကျင့်ရမည်။<br>❖ ပြဇာတ်မှရလာသည့် အသိအမြင်ကို တန်ဖိုး ထားတတ်မည်။<br>❖ ပြဇာတ်၏သဘောတရား ကို သိမည်။ | ❖ ပြဇာတ်စာပေ၏ သဘောသဘာဝများ၊ အင်္ဂါရပ်များကိုသိရှိပြီး ကိုယ်တိုင်ဖန်တီး ရေးသားလာနိုင်ခြင်း |

| နယ်ပယ် | သင်ယူမှု ရည်ရွယ်ချက်များ | သင်ယူမှုရလဒ်များ | တတ်မြောက်မှု အညွှန်းကိန်းများ |
|---|---|---|---|
| (Strand) | (Learning Objectives) | (Learning Outcomes) | (Achievement Indicators) |
| စကားပြေ (သုတရသစကားပြေ) ၁။ ရသစာတမ်း | ❖ ရသစာတမ်း၏ အရသာကို အပြည့်အဝ ခံစားတတ်ရန် ❖ ရသစာတမ်းကိုခံစားပြီး စဉ်းစားတတ်သည့် အလေ့အကျင့်ရရန် ❖ ရသစာတမ်းမှ ရလာသည့် အသိအမြင်ကို တန်ဖိုးထားတတ်ရန် ❖ ရသစာတမ်း၏ သဘောတရားကို သိရန် | ❖ ရသစာတမ်း၏ အရသာကို အပြည့်အဝ ခံစားတတ်လာမည်။ ❖ ရသစာတမ်းကို ခံစားပြီး စဉ်းစားတတ်သည့် အလေ့အကျင့်ရလာမည်။ ❖ ရသစာတမ်းမှရလာသည့် အသိအမြင်ကို တန်ဖိုးထား တတ်လာမည်။ ❖ ရသစာတမ်း၏ သဘောတရားကို သိလာမည်။ | ❖ ရသစာတမ်း၏ သဘောသဘာဝများ၊ အင်္ဂါရပ်များကိုသိရှိပြီး ကိုယ်တိုင်ဖန်တီး ရေးသားလာနိုင်ခြင်း။ |
| စကားပြေ (သုတရသစကားပြေ) ၂။ အတ္ထုပ္ပတ္တိ | ❖ အတ္ထုပ္ပတ္တိစာပေ၏ အရသာကို အပြည့်အဝ ခံစားတတ်ရန် ❖ အတ္ထုပ္ပတ္တိစာပေကို ခံစားပြီး စဉ်းစားတတ် သည့် အလေ့အကျင့် ရရန် ❖ အတ္ထုပ္ပတ္တိစာပေမှ ရလာသည့် အသိအမြင်ကို တန်ဖိုးထားတတ်ရန် ❖ အတ္ထုပ္ပတ္တိစာပေ၏ သဘောတရားကို သိရန်။ | ❖ အတ္ထုပ္ပတ္တိစာပေ၏ အရသာကို အပြည့်အဝ ခံစားတတ်မည်။ ❖ အတ္ထုပ္ပတ္တိစာပေကို ခံစားပြီး စဉ်းစားတတ် သည့် အလေ့အကျင့်ရ မည်။ ❖ အတ္ထုပ္ပတ္တိစာပေမှ ရလာ သည့် အသိအမြင်ကို တန်ဖိုးထားတတ်မည်။ ❖ အတ္ထုပ္ပတ္တိစာပေ၏ သဘောတရားကိုသိမည်။ | ❖ အတ္ထုပ္ပတ္တိစာပေ၏ သဘောသဘာဝများ၊ အင်္ဂါရပ်များကို သိရှိပြီး မိမိ၏ အတ္ထုပ္ပတ္တိ၊ အခြားသူများ၏ အတ္ထုပ္ပတ္တိတို့ကို ရေးသားလာနိုင်ခြင်း |

| နယ်ပယ် (Strand) | သင်ယူမှု ရည်ရွယ်ချက်များ (Learning Objectives) | သင်ယူမှုရလဒ်များ (Learning Outcomes) | တတ်မြောက်မှု အညွှန်းကိန်းများ (Achievement Indicators) |
|---|---|---|---|
| စကားပြေ (သုတစကားပြေ) ၁။ ဆောင်းပါး | ❖ ဆောင်းပါးများမှ သုတကို ထုတ်နုတ်မှတ်သားတတ်ရန်<br>❖ ဆောင်းပါးများ၏ ဗဟုသုတကြွယ်ဝခြင်း တန်ဖိုးကို သိမြင်လာစေရန်<br>❖ ဆောင်းပါးများမှ ဗဟုသုတများကို ရှာဖွေလိုစိတ် ပြင်းပြလာစေရန် | ❖ ဆောင်းပါးများမှ သုတကိုထုတ်နုတ်မှတ်သားတတ်မည်။<br>❖ ဆောင်းပါးများ၏ ဗဟုသုတ ကြွယ်ဝခြင်း တန်ဖိုးကို သိမြင်လာစေမည်။<br>❖ ဆောင်းပါးများမှ ဗဟုသုတများကို ရှာဖွေလိုစိတ် ပြင်းပြလာစေမည်။ | ❖ ဆောင်းပါး၏ သဘောသဘာဝများ၊ အင်္ဂါရပ်များကို သိရှိပြီး ကိုယ်တိုင် ဖန်တီးရေးသားလာနိုင်ခြင်း |
| စကားပြေ (သုတစကားပြေ) ၂။ မှတ်တမ်း | ❖ မှတ်တမ်းများမှ သုတကို ထုတ်နုတ်မှတ်သားတတ်ရန်<br>❖ မှတ်တမ်းများ၏ ဗဟုသုတကြွယ်ဝခြင်း တန်ဖိုးကို သိမြင်လာစေရန်<br>❖ မှတ်တမ်းများမှ ဗဟုသုတများကို ရှာဖွေလိုစိတ် ပြင်းပြလာစေရန် | ❖ မှတ်တမ်းများမှ သုတကို ထုတ်နုတ်မှတ်သားတတ်လာမည်။<br>❖ မှတ်တမ်းများ၏ ဗဟုသုတကြွယ်ဝခြင်း တန်ဖိုးကို သိမြင်လာမည်။<br>❖ မှတ်တမ်းများမှ ဗဟုသုတများကို ရှာဖွေလိုစိတ် ပြင်းပြလာမည်။ | ❖ မှတ်တမ်း၏ သဘောသဘာဝများ၊ အင်္ဂါရပ်များကိုသိရှိပြီး မှတ်တမ်းကောင်းများ ရေးသားလာနိုင်ခြင်း<br>❖ အလုပ်ကိစ္စများတွင် စနစ်တကျ ဆောင်ရွက်တတ်သော အလေ့အကျင့် ရလာနိုင်ခြင်း |

| နယ်ပယ် | သင်ယူမှု ရည်ရွယ်ချက်များ | သင်ယူမှုရလဒ်များ | တတ်မြောက်မှု အညွှန်းကိန်းများ |
|---|---|---|---|
| (Strand) | (Learning Objectives) | (Learning Outcomes) | (Achievement Indicators) |
| ကဗျာ<br>၁။ လင်္ကာ<br>၂။ အချိုး<br>၃။ အချင်း<br>၄။ ရတု<br>၅။ ယို့ | ❖ ကဗျာကို ဖတ်ရှုခံစား တတ်စေရန်<br>❖ ကဗျာ သဘောတရား များကို နားလည်စေရန်<br>❖ ကဗျာ စပ်နည်းများကို သိရှိပြီး လက်တွေ့ စပ်တတ်စေရန် | ❖ ကဗျာကို ဖတ်ရှုခံစားတတ်လာမည်။<br>❖ ကဗျာ သဘောတရား များကို နားလည်လာမည်။<br>❖ ကဗျာစပ်နည်းများကို သိရှိပြီး လက်တွေ့ စပ်တတ်လာမည်။ | ❖ ကဗျာ့ သဘောသဘာဝနှင့် အင်္ဂါရပ်များကို သိရှိပြီး ကိုယ်တိုင် ဖန်တီး ရေးဖွဲ့လာနိုင်ခြင်း<br>❖ ကဗျာတစ်ပုဒ်တွင် တွေ့ရသော အသံစနစ်၊ ကာရန်စနစ်တို့ကို ကြည့်ပြီး ကဗျာ အမျိုးအစားတို့ကို ခွဲခြားနိုင်ခြင်း |
| စာပေသမိုင်း<br>၁။ ပုဂံခေတ်<br>၂။ ပင်းယခေတ်<br>၃။ အင်းဝခေတ်<br>၄။ တောင်ငူခေတ်<br>၅။ ညောင်ရမ်းခေတ်<br>၆။ ကုန်းဘောင်ခေတ်<br>၇။ ကိုလိုနီခေတ်<br>၈။ လွတ်လပ်ရေးခေတ် | ❖ စာပေခေတ်များကို သိရှိစေရန်<br>❖ ဒသမတန်း ကျောင်းသုံးစာအုပ်ပါ သင်ခန်းစာများနှင့် ဆက်စပ်သိရှိစေရန်<br>❖ စာပေထွန်းကားရာ ခေတ်နှင့် စာဆို ပေါ်ပေါက်ရာ ခေတ်ကို ယှဉ်တွဲသိရှိ စေရန် | ❖ စာပေခေတ်များကို သိရှိလာမည်။<br>❖ ဒသမတန်း ကျောင်းသုံးစာအုပ်ပါ သင်ခန်းစာများနှင့် ဆက်စပ်သိရှိလာမည်။<br>❖ စာပေထွန်းကားရာ ခေတ်နှင့် စာဆို ပေါ်ပေါက်ရာခေတ်ကို ယှဉ်တွဲသိရှိလာမည်။ | ❖ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ်၊ လွတ်လပ်ရေးခေတ် တို့တွင် ထွန်းကား ခဲ့သော စာပေ အမျိုးအစားတို့၏ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်ကို တင်ပြလာနိုင်ခြင်း |

**စာသင်နှစ် တစ်နှစ်စာ သင်ခန်းစာအစီအစဉ် (Year Plan) နှင့် သင်ခန်းစာအလိုက်အချိန်ခွဲဝေမှု**

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၁ | ၅ | စကားပြေ | ❖ စကားပြေ၏သဘောသဘာဝကိုရှင်းပြခြင်း<br>❖ ရာဇကုမာရ်ကျောက်စာအရေးအသားကို လေ့လာခြင်း<br>❖ ပညာ စကားပြေ၏ အကြောင်းအရာကို ရှင်းပြခြင်း<br>❖ ပညာစကားပြေအရေးအသားကို လေ့လာခြင်း<br>❖ ရှင်မဟာသီလဝံသ၏ ရေးဟန်ကိုလေ့လာခြင်း |
| ၂ | ၁ | ကဗျာဖွဲ့နည်းမိတ်ဆက် | ❖ ကဗျာဖွဲ့နည်းသင်ကြားရခြင်း၏ရည်ရွယ်ချက် |
| | ၁ | ကဗျာ | ❖ ကဗျာ၏အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုရှင်းပြခြင်း |
| | ၃ | ပြဇာတ်သဘောသဘာဝ | ❖ ပြဇာတ်သဘောသဘာဝနှင့်အင်္ဂါရပ်များကိုရှင်းပြခြင်း<br>❖ ဇာတ်လမ်းသဘောသဘာဝကိုရှင်းပြခြင်း<br>❖ ဇာတ်ဆောင်သဘောသဘာဝ ကိုရှင်းပြခြင်း |
| ၃ | ၂ | ပြဇာတ်သဘောသဘာဝ | ❖ ကာလဒေသနောက်ခံသဘောသဘာဝ ကို ရှင်းပြခြင်း<br>❖ အာလုပ်သဘောသဘာဝကိုရှင်းပြခြင်း |
| | ၃ | ပြဇာတ်ကိုလေ့လာခြင်း | ❖ မြေပိုင်ရှင်ဦးကံကောင်းနှင့်သမီးများ ပြဇာတ်ကို ပြဇာတ်သဘောသဘာဝများနှင့် ချိန်ထိုးလေ့လာခြင်း<br>❖ မဟော်ကျေးစေခန်းပြဇာတ်ကို ပြဇာတ်သဘောသဘာဝ များနှင့် ချိန်ထိုးလေ့လာပြခြင်း<br>❖ နှစ်သက်ရာပြဇာတ်တစ်ပုဒ်ကို ပြဇာတ်သဘောသဘာဝ များနှင့် ချိန်ထိုးလေ့လာခြင်း |
| ၄ | ၅ | ဆောင်းပါး | ❖ ဆောင်းပါးသဘောသဘာဝ ကိုရှင်းပြခြင်း<br>❖ ဆောင်းပါးအမျိုးအစားကိုရှင်းပြခြင်း<br>❖ ဆောင်းပါးအင်္ဂါရပ်များကိုရှင်းပြခြင်း<br>❖ သဒ္ဒါအထားအသိုနှင့်စာလုံးပေါင်းသတ်ပုံကို လေ့လာခြင်း<br>❖ ရည်ရွယ်ချက်ကိုထောက်ပံ့ပေးသည့် အကြောင်းအရာများကို ရှင်းပြခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၅ | ၁ | အသံ (ကဗျာဖွဲ့နည်း) | ❖ အသံအရည်အသွေးများ ကိုရှင်းပြခြင်း |
| | ၄ | မပော်ကျေးစေခန်း | ❖ ဦးကြင်ဥ၏အတ္ထုပ္ပတ္တိကိုမိတ်ဆက်ခြင်း<br>❖ ဇာတ်လမ်းရှင်းပြခြင်း<br>❖ အာလုပ်အဖွဲ့များလေ့လာခြင်း<br>❖ ဆိုင်းဆင့်ပတ်တိုက်များကိုလေ့လာခြင်း |
| ၆ | ၅ | ပုဂံခေတ်စာပေသမိုင်း | ❖ ပုဂံအကြောင်းမိတ်ဆက်ခြင်း<br>❖ ပုဂံခေတ်စဉ်ပိုင်းဖြတ်ပုံကိုရှင်းပြခြင်း<br>❖ အုတ်ခွက်စာ၊ စဥ့်ကွင်းစာ၊ မင်စာ၊ ကျောက်စာကို ရှင်းပြခြင်း<br>❖ လင်္ကာကိုရှင်းပြခြင်း<br>❖ လေ့ကျင့်ခန်းမေးခွန်းများကို ဖြေဆိုခြင်း |
| ၇ | ၁ | ပုဂံခေတ်စာပေသမိုင်း | ❖ နားလည်မှုဆိုင်ရာမေးခွန်းများဖြေဆိုခြင်း |
| | ၄ | ရသစာတမ်း | ❖ ရသစာတမ်း၏သဘောသဘာဝကိုရှင်းပြခြင်း<br>❖ ရသစာတမ်းအင်္ဂါရပ်များကိုရှင်းပြခြင်း<br>❖ စာရေးသူ၏ကိုယ်ရည်ကိုယ်သွေးဖော်ထုတ်ခြင်း<br>❖ အတွေးအမြင်ခံစားမှုများကိုဖော်ထုတ်ခြင်း |
| ၈ | | ပထမနှစ်ဝက်စာမေးပွဲ | |
| ၉ | ၁ | ရသစာတမ်း | ❖ စာရေးသူ၏ခံစားမှုကိုဖော်ထုတ်ခြင်း |
| | ၃ | နရီ | ❖ နရီ၏အဓိပ္ပာယ်ကိုရှင်းပြခြင်း<br>❖ ကဗျာများမှ နရီရှာခြင်း<br>❖ ပုံမှန်၊ အနှေး၊ အမြန် နရီစည်းချက်များရှာခြင်း |
| | ၁ | မြေပိုင်ရှင်ဦးကံကောင်းနှင့် သမီးများ | ❖ စိန်ခင်မောင်ရီ၏အတ္ထုပ္ပတ္တိကိုမိတ်ဆက်ခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၁၀ | ၂ | မြေပိုင်ရှင်ဦးကံကောင်းနှင့်သမီးများ | ❖ ဇာတ်လမ်းနှင့် ဇာတ်ဆောင်ကိုလေ့လာခြင်း<br>❖ ရသများကိုခံစား၍ ဘဝသင်ခန်းစာများကို ဖော်ထုတ်ခြင်း |
| | ၃ | ပင်းယခေတ်စာပေသမိုင်း | ❖ ပင်းယခေတ်အကြောင်း မိတ်ဆက်ခြင်း<br>❖ ပင်းယခေတ်ကျောက်စာများကို ရှင်းပြခြင်း<br>❖ ရတု၊ တျာချင်း၊ ကာချင်း ကဗျာများကို ရှင်းပြခြင်း |
| ၁၁ | ၂ | ပင်းယခေတ်စာပေသမိုင်း | ❖ လေ့ကျင့်ခန်းမေးခွန်းများကို ဖြေဆိုခြင်း<br>❖ အမှား၊ အမှန် ရွေးခြင်း |
| | ၃ | ခရီးသွားမှတ်တမ်း | ❖ ခရီးသွားမှတ်တမ်း၏သဘောသဘာဝကို ရှင်းပြခြင်း<br>❖ ခရီးသွားမှတ်တမ်းအင်္ဂါရပ်များကို ရှင်းပြခြင်း<br>❖ ခရီးသွားမှတ်တမ်းပုံသဏ္ဌာန်များကို ရှင်းပြခြင်း |
| ၁၂ | ၂ | ခရီးသွားမှတ်တမ်း | ❖ ခံစားမှုနှင့်ယှဉ်၍ ရေးသားချက်များကို လေ့လာခြင်း<br>❖ ခရီးသွားမှတ်တမ်းအင်္ဂါရပ်များနှင့် ချိန်ထိုးလေ့လာခြင်း |
| | ၃ | ကာရန် | ❖ ကာရန်ကိုရှင်းပြခြင်း<br>❖ ကဗျာများမှ ကာရန်ရှာခြင်း<br>❖ မှားနေသည့်ကာရန်များကို အမှန်ပြင်ခြင်း |
| ၁၃ | ၅ | ဝတ္ထုတို | ❖ ဝတ္ထုတို၏သဘောသဘာဝနှင့်အင်္ဂါရပ်ကို ရှင်းပြခြင်း<br>❖ အာဘော်၏သဘောသဘာဝကို ရှင်းပြခြင်း<br>❖ ဇာတ်ဆောင်စရိုက်ကို ရှင်းပြခြင်း<br>❖ ကာလဒေသနောက်ခံကို ရှင်းပြခြင်း<br>❖ ဝတ္ထုအရေးအသားကို ရှင်းပြခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၁၄ | ၃ | ဆောင်ပုဒ်(လင်္ကာ) | ❖ ဆောင်ပုဒ်(လင်္ကာ)၏အဓိပ္ပာယ်ကို ရှင်းပြခြင်း<br>❖ ကာရန်ပါသည့်ဆောင်ပုဒ်နှင့် ကာရန်မပါသည့် ဆောင်ပုဒ်ကိုခွဲခြားစေခြင်း<br>❖ ဆောင်ပုဒ်လင်္ကာများမှ နရီကိုရှာခြင်း |
| | ၂ | ဆောင်ပုဒ်(လင်္ကာ) လက်တွေ့ | ❖ ဆောင်ပုဒ်လင်္ကာတစ်ခုဖြစ်အောင် ဖြည့်စွက်ခြင်း<br>❖ ဆောင်ပုဒ်လင်္ကာများကိုရေးသားခြင်း |
| ၁၅ | ၃ | အတ္ထုပ္ပတ္တိစာပေ | ❖ အတ္ထုပ္ပတ္တိစာပေပုံစံများကို ရှင်းပြခြင်း<br>❖ စာရေးသူ၏အတ္ထုပ္ပတ္တိရှင်အပေါ်ထားသည့် ခံစားချက်ကို ဖော်ထုတ်ခြင်း<br>❖ အတ္ထုပ္ပတ္တိရှင်၏စရိုက်သဘာဝများကို လေ့လာခြင်း |
| | ၂ | ပြန်လှန်လေ့ကျင့်ခန်း (ကဗျာဖွဲ့နည်း) | ❖ ကဗျာများ၏ နရီစည်းဝါးကို ရှာခြင်း<br>❖ ကာရန်တူများကို ရှာခြင်း |
| ၁၆ | ၁ | ပြန်လှန်လေ့ကျင့်ခန်း (ကဗျာဖွဲ့နည်း) | ❖ ဆောင်ပုဒ်(လင်္ကာ)ရေးခြင်း |
| | ၄ | သူအိုမကြီး | ❖ စလေဦးပုညအတ္ထုပ္ပတ္တိကို မိတ်ဆက်ခြင်း<br>❖ ဝတ္ထုဇာတ်လမ်းနှင့် အားပြိုင်မှုများကို ရှင်းပြခြင်း<br>❖ သူအိုမကြီး၏စရိုက်ကို လေ့လာခြင်း<br>❖ ဦးပုည၏အာဝဇ္ဇန်းကို လေ့လာခြင်း |
| ၁၇ | ၁ | သူအိုမကြီး | ❖ အထွေထွေသရုပ်ဖော်အဖွဲ့ကို လေ့လာခြင်း |
| | ၃ | သံပေါက်လင်္ကာ | ❖ သံပေါက်ကဗျာ၏အဓိပ္ပာယ်ကို ရှင်းပြခြင်း<br>❖ သံပေါက်စပ်နည်းနှင့် ကာရန်စနစ်ကို သင်ကြားခြင်း<br>❖ သံပေါက်ကဗျာမှ ကာရန်ရှာခြင်း |
| | ၁ | သုံးကြောင်းကဗျာ | ❖ သုံးကြောင်းကဗျာစပ်နည်းကို သင်ကြားခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၁၈ | ၂ | သုံးကြောင်းကဗျာ | ❖ သုံးကြောင်းကဗျာ၏ ကာရန်စပ်နည်းကို သင်ကြားခြင်း<br>❖ ကာရန်၊ ကာရန်ယူပုံစနစ်၊ နရီစည်းဝါးရှာခြင်း |
| | ၃ | အခမဲ့ကူလီထမ်းခြင်း၏ အကျိုး | ❖ ဦးဖိုးကျား၏ အတ္ထုပ္ပတ္တိကို မိတ်ဆက်ခြင်းနှင့် ဝတ္ထု၏ ရည်ရွယ်ချက်ကို ရှင်းပြခြင်း<br>❖ ဇာတ်ဆောင်စရိုက်များနှင့် လူ့သဘော၊ လူ့သဘာဝ အဖွဲ့များကို လေ့လာခြင်း<br>❖ အားပြိုင်မှုများနှင့် ဦးဖိုးကျား၏စကားအသုံးအနှုန်းများကို လေ့လာခြင်း |
| ၁၉ | ၅ | အင်းဝခေတ်မြန်မာစာပေ | ❖ အင်းဝခေတ်အကြောင်းမိတ်ဆက်ခြင်း<br>❖ အင်းဝခေတ်စာဆိုများကို မိတ်ဆက်ခြင်း<br>❖ ကျောက်စာ၊ ရာဇဝင်ကျမ်း၊ ဗုဒ္ဓစာပေဝတ္ထုကို ရှင်းပြခြင်း<br>❖ မော်ကွန်း၊ ဧချင်း၊ ရတု၊ ပျို့ကို ရှင်းပြခြင်း<br>❖ လေ့ကျင့်ခန်းမေးခွန်းများကိုဖြေဆိုခြင်း |
| ၂၀ | | ပထမနှစ်ဝက် အခန်းဆုံးစစ်ဆေး | |
| ၂၁ | ၃ | သံချပ် | ❖ သံချပ်၏အဓိပ္ပာယ်ကို ရှင်းပြခြင်း<br>❖ သံချပ်ထိုးခြင်း<br>❖ သံချပ်၏ ကာရန်ယူပုံစနစ်ကို ရှာခြင်း |
| | ၁ | လေးလုံးစပ်လင်္ကာ | ❖ လင်္ကာ၏အဓိပ္ပာယ်ကိုရှင်းပြခြင်း |
| | ၁ | လေးလုံးစပ်လင်္ကာ (ကဗျာရွေးချယ်ချက်) | ❖ လေးလုံးစပ်လင်္ကာ၏ကာရန်ယူပုံစနစ်များကို ရှင်းပြခြင်း |
| ၂၂ | ၁ | လေးလုံးစပ်လင်္ကာ (ကဗျာရွေးချယ်ချက်) | ❖ ကာရန်ယူပုံစနစ်နှင့် အချပဒများကိုရှာခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| | ၃ | ပညာတော်သင် | ❖ မောင်အာယု၏ အတ္ထုပ္ပတ္တိကို မိတ်ဆက်ခြင်း<br>❖ ကိုလိုနီခေတ်ကြေးမုံ၊ နောက်ခံဝန်းကျင်နှင့် သရုပ်ဖော်အဖွဲ့ကောင်းများကိုလေ့လာခြင်း<br>❖ ရသ ၉ ပါးကို ခံစားခြင်း |
| | ၁ | စာပေသမိုင်းချိတ်ဆက် | ❖ သင်ခန်းစာနှင့်ချိတ်ဆက်သင်ကြားခြင်း |
| ၂၃ | ၃ | အချိုးကဗျာနိဒါန်း | ❖ အချိုးကဗျာအမျိုးအစားများအကြောင်း ရှင်းပြခြင်း<br>❖ ဒွေးချိုးကဗျာစပ်နည်းကို သင်ကြားခြင်း<br>❖ ဒွေးချိုးကဗျာ၏ အခံချိုး၊အအုပ်ချိုး၊ပဒများကို ရှာခြင်း |
| | ၂ | အသံအချီအချ | ❖ ချီသံ၊ ချသံအကြောင်း ရှင်းပြခြင်း<br>❖ ပကတိသံ၊ ချီသံ၊ ချသံကို သင်ကြားခြင်း |
| ၂၄ | ၁ | အသံအချီအချ | ❖ အချိုးကဗျာ၏ချီသံချသံများကို ရှာခြင်း |
| | ၄ | ပြဇာတ်လက်တွေ့ | ❖ ပြဇာတ်ကို အဖွဲ့လိုက် ကပြသရုပ်ဆောင်ခြင်း |
| ၂၅ | ၃ | မိုးဦးကျ | ❖ ကြယ်နီ၏ အတ္ထုပ္ပတ္တိကို မိတ်ဆက်ခြင်း<br>❖ နောက်ခံဝန်းကျင်အဖွဲ့နှင့် အားပြိုင်မှုများကို လေ့လာခြင်း<br>❖ အထွေထွေသရုပ်ဖော်အဖွဲ့များနှင့် သရုပ်ဖော်အဖွဲ့များကို လေ့လာခြင်း<br>❖ ရသများကိုခံစားခြင်း |
| | ၂ | ပြန်လှန်လေ့ကျင့်ခန်း (ကဗျာရွေးချယ်ချက်) | ❖ လင်္ကာနှင့် သံပေါက်ကဗျာကိုလေ့ကျင့်ခြင်း<br>❖ သုံးကြောင်းကဗျာနှင့် သံချပ်ကဗျာကိုလေ့ကျင့်ခြင်း |
| ၂၆ | ၁ | ပြန်လှန်လေ့ကျင့်ခန်း (ကဗျာရွေးချယ်ချက်) | ❖ အချိုးကဗျာဖြစ်အောင် ဖြည့်ခြင်း |
| | ၁ | လေးလုံးစပ်လင်္ကာ (ကဗျာဖွဲ့နည်း လက်တွေ့) | ❖ လေးလုံးစပ်လင်္ကာတစ်ပုဒ် လက်တွေ့ရေးဖွဲ့ခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
| --- | --- | --- | --- |
| | ၃ | ရောင်းခါစ | ❖ မင်းရှင်၏အတ္ထုပ္ပတ္တိကို မိတ်ဆက်ခြင်း<br>❖ ဇာတ်လမ်းနှင့် အားပြိုင်မှုများကို လေ့လာခြင်း<br>❖ ဇာတ်ဆောင်စရိုက်အဖွဲ့များနှင့် လူ့သဘောလူ့သဘာဝ များကို လေ့လာခြင်း |
| ၂၇ | ၂ | ရတု | ❖ ရတု၏အဓိပ္ပာယ်နှင့် အမျိုးအစားကို ရှင်းပြခြင်း<br>❖ နေဝင်မြင်သည်ဝရွှေပြည်ရတု၏ အကြောင်းအရာနှင့် အရေးအသားကိုလေ့လာခြင်း |
| | ၂ | ပို့ | ❖ ပို့၏အဓိပ္ပာယ်နှင့် အမျိုးအစားကိုရှင်းပြခြင်း<br>❖ ပုတ္တောဝါဒပို့၏အကြောင်းအရာနှင့် အရေးအသားကို လေ့လာခြင်း |
| | ၁ | ကဗျာလက်တွေ့ | ❖ ပို့၊ ရတုကဗျာများကို ရွတ်ဖတ်ခြင်း |
| ၂၈ | ၅ | ဒုတိယနှစ်ဝက်စာမေးပွဲ | |
| ၂၉ | ၃ | လူရိုးဆိုတာ | ❖ လယ်တွင်းသားစောချစ်၏ အတ္ထုပ္ပတ္တိကို ရှင်းပြခြင်း<br>❖ ဝတ္ထု၏ရည်ရွယ်ချက်နှင့် ဇာတ်လမ်းအတင်အပြကို လေ့လာခြင်း<br>❖ လူ့သဘော၊ လူ့သဘာဝနှင့် ဘဝပြဿနာများကို ဖော်ထုတ်ခြင်း |
| | ၂ | စကားပြေလက်တွေ့ | ❖ အတ္ထုပ္ပတ္တိတစ်ခုကို လက်တွေ့ရေးသားခြင်း<br>❖ ခရီးသွားမှတ်တမ်းတစ်ခုကို လက်တွေ့ရေးသားခြင်း |
| ၃၀ | ၅ | အချိုး | ❖ အချိုးကဗျာများ၏အဓိပ္ပာယ်ကို ရှင်းပြခြင်း<br>❖ ဒွေးချိုးအကြောင်း ရှင်းပြခြင်း<br>❖ ဒွေးချိုးကဗျာ၏သင်ခန်းစာများကို ဖြေဆိုခြင်း<br>❖ တြိချိုး၏အဓိပ္ပာယ်ကို ရှင်းပြခြင်း<br>❖ တြိချိုးကဗျာ၏ သင်ခန်းစာများကို ဖြေဆိုခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၃၁ | ၄ | အချိုး | ❖ လေးချိုးကဗျာများကို ရွတ်ဖတ်ခြင်း<br>❖ လေးချိုး၏အဓိပ္ပာယ်ကိုရှင်းပြခြင်း<br>❖ လေးချိုးကဗျာ၏ ကာရန်ရှာခြင်း<br>❖ လေးချိုးကဗျာ၏သင်ခန်းစာများကိုဖြေဆိုခြင်း |
| | ၁ | အချိုးကဗျာလက်တွေ့ | ❖ အချိုးကဗျာများကိုရွေးချယ်ခြင်း |
| ၃၂ | ၅ | အချိုးကဗျာလက်တွေ့ | ❖ အချိုးကဗျာများ၏ အချိုးသတ်ကာရန်များကို ရှာစေခြင်း<br>❖ ဒွေးချိုးကဗျာလက်တွေ့စပ်ဆိုခြင်း<br>❖ တြိချိုးကဗျာလက်တွေ့စပ်ဆိုခြင်း<br>❖ လေးချိုးကဗျာလက်တွေ့စပ်ဆိုခြင်း<br>❖ အချိုးတွဲကဗျာလက်တွေ့စပ်ဆိုခြင်း |
| ၃၃ | ၅ | ပြဇာတ်လက်တွေ့ | ❖ အုပ်စုလိုက်ပြဇာတ်ကပြခြင်း<br>❖ အုပ်စုလိုက်ပြဇာတ်ရေးသားခြင်း |
| ၃၄ | ၅ | (ကဗျာဖွဲ့နည်း)<br>ကဗျာလက်တွေ့ | ❖ လင်္ကာကို လက်တွေ့ရေးသားခြင်း<br>❖ ဆောင်ပုဒ်လင်္ကာကို လက်တွေ့ရေးသားခြင်း<br>❖ သံပေါက်ကို လက်တွေ့ရေးသားခြင်း<br>❖ သံချပ်ကို လက်တွေ့ရေးသားခြင်း<br>❖ သုံးကြောင်းကဗျာကို လက်တွေ့ရေးသားခြင်း |
| ၃၅ | ၅ | အရန်စာသင်ချိန် | |
| ၃၆ | ၅ | ဒုတိယနှစ်ဝက် အခန်းဆုံးစစ်ဆေး | |

- ❖ တစ်နှစ်အတွင်းစာသင်ချိန်သီတင်းပတ်ပေါင်း ၃၆ ပတ်
- ❖ တစ်နှစ်အတွင်းစာသင်ချိန်စုစုပေါင်း ၁၈၀ ချိန်
- ❖ လျာထားစာသင်ချိန် ၁၂၃ ချိန်
- ❖ လက်တွေ့လေ့ကျင့်ခြင်းအတွက် လျာထားစာသင်ချိန် ၂၆ ချိန်
- ❖ ပြန်လှန်လေ့ကျင့်ရန် လျာထားစာသင်ချိန် ၆ ချိန်
- ❖ စာမေးပွဲကျင်းပသည့်ရက်များနှင့် အရန်စာသင်ချိန်များ ၂၅ ချိန်

**သင်ခန်းစာအစီအစဉ်များ (Lesson Plans)**

သင်ခန်းစာအစီအစဉ်များတွင် သင်ယူမှုရလဒ်၊ သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ဖွံ့ဖြိုးစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ၊ သင်ကြားသင်ယူမှုဖြစ်စဉ် (သင်ခန်းစာမိတ်ဆက်ခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း- **I-T-P-R**)၊ သင်ယူမှုနှင့် စဉ်းစားတွေးခေါ်ခြင်းကို အားဖြည့်ရန် နောက်ဆက်တွဲလုပ်ငန်းများ၊ စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများ၊ အဓိကအချက်များနှင့် ဆရာအတွက်မှတ်စု ပါဝင်သည်။

သင်ခန်းစာခေါင်းစဉ်တိုင်းတွင် သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဟူသော အဆင့် ၄ ဆင့် ပါရှိမည်။ (သင်ခန်းစာကို လိုက်၍ အနည်းငယ် ကွဲပြားနိုင်သည်။)

- **I** သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း (Introduction)
- **T** သင်ကြားခြင်း (Teach)/သင်ကြားမှုလုပ်ငန်း/နမူနာပြခြင်းတို့နှင့်ဆက်စပ်သည့် စကားလုံး
- **P** လေ့ကျင့်ခြင်း (Practice)
- **R** ပြန်လည်သုံးသပ်ခြင်း (Review) (နောက်ဆက်တွဲလုပ်ငန်းများပါဝင်နိုင်သည်။)

| | | |
|---|---|---|
| **I** | သင်ခန်းစာမိတ်ဆက်ခြင်း/ နိဒါန်းပျိုးခြင်း (Introduction) | မူလတန်းနှင့် အလယ်တန်းတို့တွင်သင်ကြားခဲ့ဖူးသည့် သင်ခန်းစာအချို့ကို ပြန်လည်မေးမြန်းခြင်းဖြင့်လည်းကောင်း၊ စာဆို၏အထ္ထုပ္ပတ္တိကို မိတ်ဆက်ခြင်းဖြင့်လည်းကောင်း၊ စာဆို၏ စာပေလက်ရာများကို မိတ်ဆက်ခြင်းဖြင့် လည်းကောင်း သင်ခန်းစာကိုနိဒါန်းပျိုးပါ။ |
| **T** | သင်ကြားခြင်း (Teach) | ဤအပိုင်းတွင် အများစုသည် ဆရာဗဟိုပြုဖြစ်မည်။ |
| **P** | လေ့ကျင့်ခြင်း (Practice) | ဤအပိုင်းတွင် အများစုသည် ကျောင်းသားဗဟိုပြုဖြစ်မည်။ |
| **R** | ပြန်လည်သုံးသပ်ခြင်း (Review) | ဤအပိုင်းတွင် သင်ခန်းစာအကျဉ်းချုပ်နှင့် ပြန်လည်သုံးသပ်သည့် မေးခွန်းများပါဝင်မည်။ |

သင်ကြားခြင်း-လေ့ကျင့်ခြင်း (T-P) အဆင့်များသည် သင်ခန်းစာတစ်ခုတွင် ထပ်ကာထပ်ကာဖြစ်နိုင်သည်။ ဥပမာ-



❖ ဆရာသည် မည်သည့်ကိရိယာ/သင်ထောက်ကူပစ္စည်းများ လိုအပ်သနည်း။ ကျောင်းသားများသည် မည်သည့်ကိရိယာ/သင်ထောက်ကူပစ္စည်းများလိုအပ်သနည်း။

❖ သင်ထောက်ကူပစ္စည်းများကို မည်သို့ ရရှိစုစည်းပြီး အသုံးပြုမည်နည်း။

❖ မည်သည့် ရလဒ်ရလိမ့်မည်ဟု သင်ထင်သနည်း။

**သင်ခန်းစာအလယ်တွင်–**

❖ သင်ခန်းစာ/သင်ယူမှုလုပ်ငန်းသည် မျှော်မှန်းထားသကဲ့သို့ဖြစ်နေမှု ရှိ၊ မရှိ

❖ ကျောင်းသားများက သင်ခန်းစာကို နားလည်စေရေးအတွက် အထောက်အကူပြုနိုင်ရန် ဆရာအနေဖြင့် လိုအပ်သော အခြားသတင်းအချက်အလက်များ ရှိ၊ မရှိ

**သင်ခန်းစာအဆုံးတွင်–**

❖ မျှော်မှန်းထားသည့်အတိုင်း ဆရာ၏ သင်ကြားမှုလုပ်ငန်း ပြီးမြောက်ခဲ့ခြင်း ရှိ၊ မရှိ

❖ သင်ခန်းစာသည် ကျောင်းသားများကို စဉ်းစားတွေးခေါ်စေသည့် အခြားမေးခွန်းများ ထွက်ပေါ်စေခဲ့ခြင်း ရှိ၊ မရှိ

❖ အခြားသင်နည်းတစ်မျိုးနှင့် ဆောင်ရွက်ခဲ့သင့်ခြင်း ရှိ၊ မရှိ

❖ ဆရာ သို့မဟုတ် ကျောင်းသားများသည် ဤသင်ခန်းစာမှ မည်သည်တို့ကို သင်ယူ နိုင်ခဲ့ကြသနည်း။

❖ ဆရာ၏သင်ကြားမှုသည် ကျောင်းသားတစ်ဦးချင်းစီ၏ သင်ခန်းစာပါသဘောတရားများ နားလည်မှုကို စစ်ဆေးရန် အထောက်အကူဖြစ်ခဲ့ခြင်း ရှိ၊ မရှိ

❖ ဤသင်ခန်းစာကိုလည်းကောင်း၊ နောင်သင်ကြားမည့် သင်ခန်းစာကိုလည်းကောင်း ပိုမိုကောင်းမွန်စေရန် မည်သည်တို့ကို ထည့်သွင်းသင်ကြားရန် လိုအပ်မည်နည်း။

(င) **၂၁ရာစုကျွမ်းကျင်မှုများ (21st Century Skills)နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills)**- လူငယ်များသည် ရှုပ်ထွေးသောကမ္ဘာလောကကြီးတွင် လျှောက်လှမ်းရမည့်ဘဝခရီးနှင့် အလုပ်ခွင်အတွက် ၂၁ ရာစု ကျွမ်းကျင်မှုများနှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ လိုအပ်ပါသည်။ C -၅လုံး (5 C's) သို့မဟုတ် သင်ယူမှုအတွက် အရေးကြီးသော ကျွမ်းကျင်မှုများမှာ-

❖ **ပူးပေါင်းဆောင်ရွက်ခြင်း (Collaboration)**- အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်ခြင်း (**Group Work**)- ကျောင်းသားများအား အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်တတ်ရန်၊ အတွေးအခေါ်များ မျှဝေခြင်းနှင့် အဖြေများ အတူရှာဖွေတတ်ရန်အားပေးသည်။

❖ **ဆက်သွယ်ပြောဆိုခြင်း (Communication)-** နှုတ်အားဖြင့်၊ ကိုယ်ဟန်အမူအရာအားဖြင့် ဆက်သွယ်ခြင်း- စာဖတ်ခြင်း၊ စာရေးခြင်း၊ စကားပြောခြင်း၊ နားထောင်ခြင်းတို့ဖြစ်သည်။

❖ **လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း (Critical Thinking and Problem Solving)-** ကျောင်းသားများအား ပြဿနာများ၏အဖြေများကို ရှာဖွေခြင်းနှင့် အမှားပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခွင့်ပေးသည်။

❖ **တီထွင်ဖန်တီးခြင်း (Creativity and Innovation)-** အတွေးအခေါ် အယူအဆသစ်များ ရှာဖွေခြင်းနှင့် ပြဿနာများကိုဖြေရှင်းခြင်းတို့ပြုလုပ်ရန် ဘောင်ခတ်ထားသည့် အခြေအနေမှ ပြင်ပသို့ထွက်၍ တွေးခေါ်စေခြင်းဖြစ်သည်။

❖ **နိုင်ငံသားကောင်းဖြစ်ခြင်း (Citizenship) -** ကျောင်းလူမှုအဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်ခြင်း၊ တရားမျှတခြင်းနှင့် ပဋိပက္ခဖြေရှင်းခြင်းစိတ်ဓာတ် ရှိခြင်းတို့ ဖြစ်သည်။

**(စ) စာသင်ခန်းအဆင့်တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းကို ဖြိုင်ရုံတင်ပြခြင်း–** သင်ယူမှုအတွက် စစ်ဆေးအကဲဖြတ်မှုအားလုံး၏ ၉၀%ကို သင်ကြားနေစဉ်အတွင်း ဆောင်ရွက်ခြင်းဖြစ်သည်။ ကျောင်းသားနှင့် ဆရာတို့အား အကြံပြုချက်များ (Feedback) ချက်ချင်းပေးရန်အတွက် စာသင်ခန်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်းကို အသုံးပြုသည်။ ဤစစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအား ရှေ့ဆက် အောင်မြင်စွာ သင်ယူလိုပါက နောင်တွင် မည်သို့သင်ယူရန် လိုအပ်သည်ကိုခွဲခြားသိရှိနိုင်စေရန် ကူညီပေးသည်။ ဆရာများသည် ထိရောက်သောသင်ကြားရေးနည်းဗျူဟာများနှင့် ထိရောက်မှုနည်းသော သင်ကြားရေးနည်းဗျူဟာများကို ခွဲခြားသတ်မှတ်ရန် သင်ကြားနေစဉ်အတွင်း လေ့လာကြည့်ရှုခြင်းများ ပြုလုပ်နိုင်သည်။

(၁) **စာသင်ခန်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်းတွင် အောက်ပါနည်းလမ်းများပါဝင်သည်–**

❖ **ကျောင်းသားဗဟိုပြုမှု–** ဆရာနှင့်ကျောင်းသားများသည် သင်ကြားရေးထက် သင်ယူမှုကို လေ့လာကြည့်ရှုရေးနှင့် သင်ယူမှုပိုမိုကောင်းမွန်ရေးကို ပိုမိုအလေးထားကြသည်။ ကျောင်းသားများသည် (ဆရာက မည်သည်ကို လုပ်ဆောင်ရန်ပြော၍ မဟုတ်ဘဲ) မည်သည်ကိုသင်ယူရန် နားလည်ကြသည်။

❖ **ဆရာ၏ဆုံးဖြတ်စီစဉ်မှု–** ဆရာအသီးသီးသည် မည်သည်ကို၊ မည်သို့စစ်ဆေး အကဲဖြတ်ရမည်နှင့် စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသည့်အချက်အလက်များကို မည်သို့အသုံးပြုဆောင်ရွက်မည်ဆိုသည်ကို ဆုံးဖြတ်သည်။

# မြန်မာကဗျာဆရာလမ်းညွှန် ယေဘုယျလမ်းညွှန်ချက်များ

## သင်ကြားရေးရည်ရွယ်ချက်

မြန်မာကဗျာဖွဲ့နည်းနှင့် မြန်မာကဗျာရွေးချယ်ချက်ကို သင်ကြားခြင်းသည် မြန်မာကဗျာများ၏ ဖွဲ့စပ်နည်းများနှင့် လင်္ကာ၊ ရတု၊ အချိုးစသည့် ကဗျာပုံသဏ္ဌာန်များ၏ သဘောသဘာဝများကို သင်ကြားနေခြင်းဖြစ်သည်။ မြန်မာကဗျာဖွဲ့နည်းအပိုင်းတွင် အသံအရည်အသွေး၊ ကာရန်၊ နရီစည်းဝါး၊ အကြောင်းကိုသိရှိပြီး လက်တွေ့ရေးဖွဲ့တတ်စေရန် ရည်ရွယ်ပါသည်။ ကဗျာရွေးချယ်ချက်ကို သင်ကြားရာတွင် လင်္ကာ၊ ရတု၊ ပျို့၊ ဒွေးချိုး၊ တြိချိုး၊ လေးချိုးတို့၏သဘောသဘာဝနှင့် ဖွဲ့စပ်ပုံတို့ကို လေ့လာတတ်စေရန် ရည်ရွယ်ပါသည်။ အခြေခံပညာ အထက်တန်းအဆင့် စိတ်ကြိုက်မြန်မာစာ မြန်မာကဗျာဖွဲ့နည်းနှင့် မြန်မာကဗျာရွေးချယ်ချက်ကို သင်ကြားရာတွင် အောက်ပါရည်ရွယ်ချက်တို့ကို ပေါက်မြောက်အောင်မြင်စေရန် ဦးတည်သင်ကြားရမည် ဖြစ်ပါသည်။

၁။ ကဗျာ၏သဘောသဘာဝကို သိရှိစေရန်

၂။ ကာရန်၊ နရီစည်းဝါးတို့၏သဘောသဘာဝကို သိရှိစေရန်

၃။ လင်္ကာ၏သဘောသဘာဝကို သိရှိစေရန်

၄။ အချိုးကဗျာတို့၏ သဘောသဘာဝကို သိရှိစေရန်

## ယေဘုယျလမ်းညွှန်

ဤသို့ သင်ကြားရာတွင် မြန်မာကဗျာဖွဲ့နည်းနှင့် မြန်မာကဗျာရွေးချယ်ချက်ကို ကျောင်းသုံးစာအုပ်မှ အမှာစာ၏ ယေဘုယျလမ်းညွှန်ချက်ကို အသုံးပြုလျက် တစ်ပုဒ်ချင်းစီအကြောင်း စာပေအမျိုးအစားအလိုက် သင်ကြားရန်ဖြစ်သည်။

စိတ်ကြိုက်မြန်မာစာ မြန်မာကဗျာဖွဲ့နည်းနှင့် မြန်မာကဗျာရွေးချယ်ချက်စာအုပ်တွင် မြန်မာကဗျာဖွဲ့နည်းနှင့် မြန်မာကဗျာရွေးချယ်ချက်ဟူ၍ ခွဲခြားထားပါသည်။ ကဗျာဖွဲ့နည်းအပိုင်းတွင် အသံ၊ နရီစည်းဝါး၊ ကာရန်၊ ဆောင်ပုဒ်(လင်္ကာ)၊ သံပေါက်လင်္ကာ၊ သုံးကြောင်းကဗျာ၊ သံချပ်၊ လေးလုံးစပ်လင်္ကာ၊ အချိုးကဗျာ၊ အသံအချီအချတို့ကို ပြဋ္ဌာန်းထားပါသည်။ မြန်မာကဗျာရွေးချယ်ချက်အပိုင်းတွင် လေးလုံးစပ်လင်္ကာ၊ ရတု၊ ပျို့၊ အချိုးကဗျာတို့ကို ပြဋ္ဌာန်းထားပါသည်။

မြန်မာကဗျာများကို ကျောင်းသားများအား သင်ကြားပေးရာတွင် ကဗျာ၏ သဘောသဘာဝနှင့် ကဗျာစပ်နည်းများကို ပေါ်လွင်ထင်ရှားအောင် ဦးတည်သင်ကြားပေးရန်ဖြစ်ပါသည်။

**ကဗျာကို သင်ကြားရာတွင် အောက်ပါအတိုင်း သင်ကြားရမည်ဖြစ်သည်။**

(၁) ကဗျာပုံစံအများစုသည် လေးလုံးစပ်လင်္ကာ၌အခြေတည်ပုံ

(၂) ကဗျာ၏အင်္ဂါရပ်ဖြစ်သော အသံနှင့် ကာရန်အရေးကြီးပုံ

(၃) အကြောင်းအရာနှင့်ကာရန်အမျိုးအစားကိုက်ညီအောင်ရွေးချယ်ရပုံ

(၄) ကဗျာအမျိုးအစားအလိုက် ကာရန်ယူပုံနည်းစနစ်ကွာခြားပုံ

ဟူသော အချက်များကို အာရုံပြု၍ သင်ကြားပေးရန် ဖြစ်ပါသည်။

ကျောင်းသုံးစာအုပ်တွင် မြန်မာကဗျာဖွဲ့နည်းအပိုင်း၌အခန်း ၁၆ ခန်း ပါဝင်သော်လည်း အခန်း ၁၅ "ဝမ်းစာ"နှင့် အခန်း ၁၆ "ကဗျာဖွဲ့လို့ ဘာအကျိုးထူးမှာလဲ" တို့သည် ကဗျာဖွဲ့နည်း သင်ကြားခြင်းမဟုတ်ဘဲ ကဗျာဖွဲ့နည်းသင်ကြားရခြင်း၏ ရည်ရွယ်ချက်ကို ဖော်ပြထားသည်ဖြစ်ရာ ဆရာလမ်းညွှန်တွင် ထိုအခန်း ၂ ခန်းနှင့် ပတ်သက်၍ လမ်းညွှန်ထားခြင်းမရှိပါ။ ဆရာက သင့်လျော်ရာ စာသင်ချိန်တွင် ထိုအခန်း ၂ ခန်းမှ အကြောင်းအရာများကို ထည့်သွင်းပြောကြားပေးရပါမည်။

ကဗျာကို သင်ကြားရာတွင် ကဗျာဖွဲ့နည်းနှင့် ကဗျာရွေးချယ်ချက်မှာ ဆက်စပ်နေသည့်အတွက် ဖွဲ့နည်းသင်ချိန်နှင့် ရွေးချယ်ချက်သင်ချိန်တို့ကို ဆက်စပ်သင်ကြားပေးသင့်ပါသည်။

ကဗျာကို သင်ကြားပို့ချပေးရာတွင် ကဗျာကို ဟန်ပန်နှင့်တကွ အသံနေအသံထားမှန်မှန် ရွတ်ဖတ်တတ်စေရန် သင်ကြားပေးရပါမည်။ ကာရန်နှင့်အသံ၊ နရီစည်းဝါးတို့ကို မီးမောင်းထိုးလျက် သင်ကြားသွားမည်ဆိုပါက ကျောင်းသားများ ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်နိုင်မည်ဖြစ် သည်။

သင်ကြားရာတွင် မူလတန်းနှင့် အလယ်တန်းတို့၌ သင်ကြားခဲ့သည့် ကဗျာများအပြင် အခြား ကဗျာများကိုလည်း ဗဟုသုတအဖြစ် ထည့်သွင်းသင်ကြားပေးသင့်ပါသည်။

ထိုသို့ ပြဋ္ဌာန်းစာပါကဗျာများနှင့် အခြားကဗျာများကိုပါ ဆက်စပ်သင်ကြားပေးခြင်းအားဖြင့် ကဗျာကိုနှစ်သက်လာပြီး ရသစာပေ၏ သဘောသဘာဝကို နားလည်သိရှိသွားကြလိမ့်မည်ဟု မျှော်လင့် ပါသည်။

**အမျိုးအစားတစ်ခုချင်းသင်ကြားမှု လမ်းညွှန်**

မြန်မာကဗျာဖွဲ့နည်းနှင့် မြန်မာကဗျာရွေးချယ်ချက်တွင် တစ်ပုဒ်ချင်းစီ၏ မိတ်ဆက်၌ ပါဝင်သော လမ်းညွှန်ချက်အတိုင်း ဦးတည်သင်ကြားရပါမည်။ အမျိုးအစားတစ်ခုချင်းစီအလိုက် သင်ကြားရာတွင် တစ်ပုဒ်လျှင် စာသင်ချိန် ၁ ချိန် သို့မဟုတ် စာသင်ချိန် ၂ ချိန် သို့မဟုတ် စာသင်ချိန် ၃ ချိန် သတ်မှတ်ပြီး လုပ်ငန်းစဉ် ၂ ရပ်ဖြင့် သင်ကြားရပါမည်။ ထို့နောက် အမျိုးအစားတစ်ခုချင်းအလိုက်

သင်ကြားရသည့် ရည်ရွယ်ချက်အသီးသီး ပေါက်မြောက်အောင်ပေးထားသည့် သင်ကြားမှုလမ်းညွှန်ချက်များ အရ သင်ကြားသွားရန်ဖြစ်ပါသည်။

## တစ်ပုဒ်ချင်း ဆွေးနွေးလေ့ကျင့်မှုလမ်းညွှန်

ကျောင်းသားများတစ်ပုဒ်ချင်း ကျေကျေညက်ညက်သဘောပေါက်စေရေးအတွက် ဆွေးနွေး လေ့ကျင့်မှုလမ်းညွှန်အဖြစ် မေးခွန်းများပေးထားပါသည်။ တစ်ပုဒ်ချင်းအတွက် ပေးထားသည့် မေးခွန်း များကို ကျောင်းသားများက ဖြေစေခြင်း၊ ဆွေးနွေးစေခြင်းဖြင့် လေ့ကျင့်ရန် ဖြစ်ပါသည်။

## စာအညွှန်းများ

ဒသမတန်း မြန်မာစာ သင်ကြားရာတွင် ဆရာများ ကိုးကားရန်အတွက် စာအညွှန်းများကို စာအမျိုးအစားအလိုက် သို့မဟုတ် အခန်းအလိုက် ဖော်ပြထားပါသည်။ ထိုစာအညွှန်းများကို ရှာဖွေ ဖတ်ရှု လေ့လာထားခြင်းဖြင့် သက်ဆိုင်ရာ သင်ခန်းစာသင်ကြားရေးအတွက် အထောက်အကူပြု နိုင်မည် ဖြစ်ပါသည်။ ဆရာများအနေဖြင့် စာအညွှန်းတွင်ဖော်ပြထားသော စာအုပ်များကို ကျယ်ကျယ် ပြန့်ပြန့်ဖတ်ရှုလေ့လာထားပြီး သင်ကြားရေးအတွက် အထောက်အကူဖြစ်စေရန် ဖြည့်စွက်ပြင်ဆင် ထားသင့်ပါသည်။

## လေ့လာမှုမှ လေ့ကျင့်မှုသို့

ကျောင်းသားများအား ကဗျာစပ်နည်း၊ ကဗျာသဘောတရားများကို အမျိုးအစားအလိုက် သင်ယူလေ့လာပြီးနောက် မိမိလေ့လာမှတ်သားထားသည့်အချက်များကို သင်ခန်းစာများနှင့် ဆက်စပ် မှတ်သားလေ့ကျင့်စေခြင်းဖြင့် သင်ရိုးရည်ရွယ်ချက်နှင့်အညီ ပေါက်မြောက်နိုင်ကြလိမ့်မည်ဟု မျှော်လင့် ပါသည်။

## သင်ယူမှုရလဒ်များ

ဒသမတန်း စိတ်ကြိုက်မြန်မာစာ၊ မြန်မာကဗျာဖွဲ့နည်းနှင့် မြန်မာကဗျာရွေးချယ်ချက်ကို သင်ယူပြီးသောအခါ ကျောင်းသားများသည် အောက်ပါတို့ကို လုပ်ဆောင်နိုင်မည်။

- ❖ ကာရန်၊ နရီ စည်းဝါးတို့၏ သဘောကို သိရှိပြီး၊ ကာရန်ယူတတ်လာမည်။ နရီစည်းဝါး ရှာတတ် လာမည်။
- ❖ လေးလုံးစပ်လင်္ကာတို့၏ ဖွဲ့စပ်ပုံများကို နားလည်တတ်ကျွမ်းလာပြီး မိမိနှစ်သက်ရာကဗျာပုံစံ တစ်ခုခုကို နည်းနာယူ ရေးသားတတ်လာမည်။
- ❖ လေးလုံးစပ်လင်္ကာ၊ သံချပ်၊ သံပေါက်၊ သုံးကြောင်းကဗျာ၊ အချိုးကဗျာ၏ သဘောသဘာဝကို သိရှိနားလည်ပြီး ကဗျာကောင်းတို့ကို ရွေးချယ်ဖတ်ရှုခံစားတတ်လာမည်။

❖ ကဗျာများမှရရှိသော ရသခံစားမှုမှတစ်ဆင့် လောကသဘာဝ၊ လူသဘာဝများကို သတိပြုမိ၍ လက်တွေ့ဘဝတွင်ဆန်းစစ်သုံးသပ်တတ်လာမည်။ မိမိဘဝပတ်ဝန်းကျင်ကိုခံစားမှုအသိဖြင့် သတိမူမိ၍ အမှားအမှန်၊ အကောင်းအဆိုး၊ အကျိုးအပြစ်တို့ကို သဘောပေါက်လာနိုင်မည်။

❖ ထိုမှတစ်ဆင့် ဘဝအသိအမြင်များရရှိကာ အသိဉာဏ်ပညာ ဗဟုသုတနှင့် ပြည့်စုံသော၊ တွေးခေါ် မြော်မြင်တတ်သော၊ စာနာနားလည်တတ်သော၊ အများအကျိုးအတွက် စွမ်းဆောင်နိုင်သော စိတ်ကောင်းစေတနာကောင်းပြည့်ဝသော နိုင်ငံသားကောင်းစိတ်ဓာတ်များ ပေါ်ပေါက်လာစေနိုင်မည်။

## သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း

❖ ကာရန်နှင့် ပတ်သက်ပြီး ရေးမှတ်ထားသည့် စာကတ်ပြားများ

❖ ကဗျာအချို့ကို ရေးမှတ်ထားသည့် စာကတ်ပြားများ

❖ ကဗျာရွတ်ဆိုထားသည့် အသံဖိုင်များ

## စစ်ဆေးအကဲဖြတ်ခြင်း

❖ သင်ခန်းစာအပိုင်း ၃ ပိုင်းစလုံးတွင်ပါဝင်သော စွမ်းရည် ၄ ရပ် ကျွမ်းကျင်တတ်မြောက်မှုကို အတန်းတွင် လေ့ကျင့်သင်ကြားရင်း စဉ်ဆက်မပြတ် အကဲဖြတ်သွားရန် အထူးအရေးကြီးပါသည်။ စဉ်ဆက်မပြတ် အကဲဖြတ်ရန်အတွက် ဆရာလမ်းညွှန်ပါ စစ်ဆေးအကဲဖြတ်ခြင်းအပိုင်းကို အထူးအလေးထား လုပ်ဆောင်သွားကြရန်လိုအပ်ပါသည်။

## ရရှိလာမည့် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှု

❖ စိတ်ကြိုက်မြန်မာစာ၊ မြန်မာကဗျာရွေးချယ်ချက်များကို အုပ်စုလိုက်ဖြစ်စေ၊ ကျောင်းသားတစ်ဦးကဖြစ်စေ အသံထွက်ဖတ်ရှုစေခြင်း၊ မေးခွန်းများကို အုပ်စုလိုက် စုပေါင်းဆွေးနွေး အဖြေရှာစေခြင်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှုတို့ကို ရရှိလာမည်။

❖ ကဗျာပုံစံအမျိုးမျိုး၏ သဘောသဘာဝကိုသိရှိပြီး အချင်းချင်း အပြန်အလှန် ဆွေးနွေးခြင်းမှ ဆက်သွယ်မှုစွမ်းရည်တို့ကို ရရှိလာမည်။

❖ အခြားအုပ်စုများ၏ ပြောဆိုချက်များကို အကဲဖြတ်ခြင်း၊ အဖြေမှန်ကို ဆင်ခြင်စဉ်းစားခြင်းတို့မှတစ်ဆင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည်တို့ကို ရရှိလာမည်။

❖ ကဗျာပုံစံ အမျိုးမျိုးတို့မှ နှစ်သက်ရာပုံစံတစ်ခုကို လက်တွေ့စပ်ဆိုခြင်းဖြင့် ဖန်တီးမှုစွမ်းရည်တို့ကို ရရှိလာမည်။

❖ သုတစာပေများမှရရှိသော ဗဟုသုတအကြားအမြင်၊ ရသစာပေများမှရရှိသော ဘဝအသိအမြင်များကို အခြေခံ၍ စိတ်ပိုင်းဆိုင်ရာများဖွံ့ဖြိုးတိုးတက်လာပြီးနိုင်ငံသားကောင်းတစ်ယောက် ဖြစ်လာမည်။

## မြန်မာကဗျာဖွဲ့နည်းမိတ်ဆက်

| | | |
|---|---|---|
| သင်ခန်းစာခေါင်းစဉ် | – | မြန်မာကဗျာဖွဲ့နည်းမိတ်ဆက် |
| ရည်ရွယ်ချက် | – | ကဗျာဖွဲ့နည်းသင်ကြားရခြင်း၏ ရည်ရွယ်ချက်ကိုသိရှိစေရန် |
| သင်ယူမှုရလဒ် | – | ကဗျာဖွဲ့နည်းသင်ကြားရခြင်း၏ ရည်ရွယ်ချက်ကိုသိလာမည်။ |
| သင်ကြားနည်း | – | ဟောပြောဆွေးနွေးနည်း |
| သင်ထောက်ကူပစ္စည်း | – | ကဗျာရေးမှတ်ထားသည့် စာကတ်ပြားများ |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | – | စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| စာသင်ချိန် | – | ၁ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ် |

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း**

❖ "မူလတန်းနဲ့အလယ်တန်းမှာ သင်ခဲ့ဖူးတဲ့ကဗျာတွေကို မှတ်မိသေးသလား၊ အလွတ်ပြန်ဆိုနိုင်ကြသေးသလား" မေးပါ။

❖ မူလတန်းက ကဗျာတစ်ပုဒ်၊ အလယ်တန်းက ကဗျာတစ်ပုဒ်စီကို အသံနေအသံထားမှန်မှန်နဲ့ ဆိုပါစေ။

❖ ဒီလိုနှစ်သက်ဖွယ်ကောင်းတဲ့ကဗျာမျိုးကို မိမိတို့ကိုယ်တိုင်ဖွဲ့တတ်ဖို့ သင်ကြားကြရမယ်ဆိုတာကို နိဒါန်းပျိုး ပြောပါ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း**

❖ ကဗျာဖွဲ့နည်း သင်ကြားရခြင်းရဲ့ရည်ရွယ်ချက်ကို ကျောင်းသားများ သဘောပေါက်အောင် ရှင်းပြပါ။

❖ "ကဗျာဖတ်တယ်ဆိုတာ ကိုယ်တိုင်ခံစားဖို့၊ ကဗျာဖွဲ့တယ်ဆိုတာ သူများခံစားဖို့ဖြစ်ကြောင်း၊ မိမိကိုယ်တိုင်လဲ ကဗျာကောင်းကိုပဲ ခံစားတတ်၊ ကြိုက်တတ်သလို သူများကလဲ ကဗျာကောင်းကိုသာ ဖတ်ချင်၊ ခံစားချင်မှာဖြစ်လို့ ကဗျာကောင်းလေးတွေကို ဖန်တီးရေးဖွဲ့ကြရမယ်" လို့ ပြောကြားပြီး နိဒါန်းပျိုး မိတ်ဆက်ခြင်းကို အဆုံးသတ်ပါ။

DBE BOX Copyright Protected

## ကဗျာ

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | – ကဗျာ |
| ရည်ရွယ်ချက် | – ကဗျာဟူသည် မည်ကဲ့သို့သောစာပေအဖွဲ့မျိုးဖြစ်ကြောင်းကို သိရှိစေရန် |
| သင်ယူမှုရလဒ် | – ကဗျာဟူသည့်စာပေအဖွဲ့အနွဲ့အကြောင်းသိရှိလာမည်။ |
| သင်ကြားနည်း | – အမေးအဖြေပြုနည်း |
| သင်ထောက်ကူပစ္စည်း | – နမူနာပြကဗျာကတ်ပြားများ |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | – စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| စာသင်ချိန် | – ၁ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ် |

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း**

❖ "ကဗျာဆိုတာ ဘယ်လိုအဖွဲ့အနွဲ့မျိုးကို ခေါ်တာလဲ"ဆိုတဲ့မေးခွန်းကို မေးပါ။

❖ "ကဗျာဆိုတာ စကားသံတွေနဲ့ ရွတ်ဆိုကောင်းအောင် ဖွဲ့သီထားတဲ့အနုပညာပစ္စည်း" ဖြစ်တယ်ဆိုတာကို သင်ထောက်ကူတွေရဲ့အကူအညီနဲ့ သဘောပေါက်အောင် ရှင်းပါ။

❖ "ကဗျာမှာ ပါဝင်တဲ့ စကားသံမှာ ကာရန်တွေ၊ နရီစည်းဝါးတွေ ပါတယ်။ စည်းစနစ်တွေနဲ့ ရွတ်ဆိုကောင်းအောင် ဖွဲ့ထားတဲ့အဖွဲ့အနွဲ့ဖြစ်တယ်။ အနုပညာပစ္စည်းဖြစ်တဲ့အတွက် ရသနှစ်သက်ခြင်းတွေကို ပေးစွမ်းနိုင်တယ်" ဆိုတဲ့အချက်တွေကို ရှင်းပါ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း**

❖ ကဗျာရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ရှင်းပါ။
စကားသံများနဲ့ + ရွတ်ဆိုကောင်းအောင် + သီဖွဲ့ထားတဲ့ + အနုပညာပစ္စည်း
ဆိုတဲ့ ဖွင့်ဆိုချက်ကို နမူနာပြကဗျာတစ်ပုဒ်ဖြင့် သာဓကပြပြီး ရှင်းပါ။

DBE BOX - Copyright Protected

**နမူနာပြကဗျာ**

အေးရိပ်သာတဲ့ ပညောင်ညို

ဥဩတွန်သံချို။

ဒိုးယိုစီးတဲ့ နဒီတွင်း

သမင်ရေသောက်ဆင်း။

မြက်ခင်းလဲ့လဲ့ မြေညီညီ

ကဲ့ကော်ဝတ်မှုန်စီ။

ဇာလီပျော်တဲ့ ကျောင်းသခ်မ်း

လူလေးသွားချင်စမ်း။

ဆိုတဲ့ မင်းသုဝဏ်ရဲ့ ဝက်ပါကဗျာကို သင်ပုန်းပေါ်မှာ ရေးပါ။

- ကဗျာကို ကြည့်စေပြီး "ဘယ်လိုစကားလုံးတွေနဲ့ ဖွဲ့စည်းရေးထားတာတွေ့လဲ" လို့ မေးပါ။ "ပညောင်" ဆိုတာ စကားလုံးတစ်လုံး၊ "ဥဩတွန်သံ"ဆိုတာ စကားလုံးတစ်လုံး၊ "ချို" ဆိုတာ စကားလုံးတစ်လုံး၊ စသည်ဖြင့် ကဗျာမှာပါတဲ့စကားလုံးတွေကို မျဉ်းသားပြပြီး ကဗျာဆိုတာ စကားလုံးများနဲ့ ဖွဲ့စည်းထားတာဖြစ်ကြောင်း ကျောင်းသားတွေ သဘောပေါက် အောင်ရှင်းပါ။
- ပြီးတဲ့အခါ ဆရာက ကဗျာကို အသံနေအသံထားမှန်မှန်နဲ့ ရွတ်ဆိုပါ။
- ကဗျာရွတ်ပြီးနောက် "ကဗျာကို ကြားရလား"လို့ မေးပါ။
- "ဘာလို့ကြားရသလဲဆိုရင် ကဗျာဟာ အသံတွေနဲ့ ဖွဲ့စည်းထားတာဖြစ်တဲ့အတွက် ကြားရတာ ဖြစ်တယ်"ဆိုတဲ့အကြောင်း ရှင်းပါ။
- အတန်းသားအားလုံး အုပ်စုလိုက်ဖွဲ့၍ ကဗျာကို သံပြိုင်ညီညီရွတ်ဆိုကြပါစေ။
- ကဗျာရွတ်ပြီးနောက် "ကဗျာကို ရွတ်ဆိုရတာ ကောင်းလား၊ သဘောကျရဲ့လား" လို့ မေးပါ။
- "ကဗျာဆိုတာ ရွတ်ဆိုရကောင်းအောင်ကာရန်၊ နဘေ၊ နရီစည်းဝါးတွေနဲ့ဖွဲ့ရတဲ့ စာပေ အမျိုးအစားဖြစ်တယ်၊ ကဗျာကို ဖတ်လို့ကောင်းတယ်၊ ရွတ်လို့ကောင်းတယ်၊ သဘောကျတယ် လို့ စိတ်ထဲထင်လာတယ်ဆိုရင် အဲဒါကို ရသလို့ခေါ်တယ်၊ ရသဆိုတာ အနုပညာ လက်ရာတွေကို ခံစားတဲ့အခါမှာ ဖြစ်ပေါ်လာတဲ့ နှစ်သက်ခြင်း၊ မနှစ်သက်ခြင်းသဘောတွေကို ဆိုလိုတယ်"လို့ ရှင်းပါ။

DREBOX - Copyright Protected

❖ နောက်ဆုံး"ကဗျာတစ်ပုဒ်ကို ဒီလို စကားလုံးတွေ၊ အသံတွေနဲ့ ရေးထားတာကို ဖွဲ့သီတယ်၊ ဖွဲ့ဆိုတယ်လို့ သုံးနှုန်းရတယ်" လို့ ရှင်းပြပြီး

**"ကဗျာဆိုတာ စကားသံများနဲ့ + ရွတ်ဆိုကောင်းအောင် + သီဖွဲ့ထားတဲ့ + အနုပညာပစ္စည်း"**

ဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကျောင်းသားအားလုံးက သံပြိုင်ရွတ်ဆိုပြီး ရှင်းပြခြင်းကို အဆုံးသတ်ပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) ကဗျာတစ်ပုဒ်ကို ဘာတွေနဲ့ ဖွဲ့သီရသလဲ။

(၂) ကဗျာမှာ အသံပါသလား။ ဘာအသံတွေပါသလဲ။

(၃) ကဗျာကို စကားလုံးတွေမပါဘဲ ဖွဲ့သီလို့ရပါသလား။ ဘာကြောင့်လဲ။

(၄) ကဗျာတစ်ပုဒ်ဟာ ရွတ်ဆိုကောင်းဖို့ လိုပါသလား။ ဘာကြောင့်လဲ။

(၅) နမူနာပြကဗျာလေးရဲ့ အကြောင်းအရာက ဘယ်လိုလဲ။

DBE BOX - Copyright Protected

## အသံ

| | |
|---|---|
| **သင်ခန်းစာခေါင်းစဉ်** | **– အသံ** |
| **ရည်ရွယ်ချက်** | **– အသံအရည်အသွေးအမျိုးမျိုးရှိကြောင်းကို သိရှိစေရန်** |
| **သင်ယူမှုရလဒ်** | **– အသံအရည်အသွေးအမျိုးမျိုးအကြောင်းကိုသိရှိလာမည်။** |
| **သင်ကြားနည်း** | **– လက်တွေ့သရုပ်ဆောင်သင်ကြားနည်း** |
| **သင်ထောက်ကူပစ္စည်း** | **– သီချင်းအသံဖိုင်များ** |
| **သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** | **– စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်** |
| **စာသင်ချိန်** | **– ၁ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်** |

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**
**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- ❖ အသံအရည်အသွေး ဘယ်နှမျိုးရှိသလဲဆိုတဲ့ မေးခွန်းကိုမေးပါ။
- ❖ အခုစာသင်ချိန်မှာ အသံအရည်အသွေးအမျိုးမျိုးအကြောင်းကို ရှင်းပြပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- ❖ "ဘယ်လိုအသံမျိုးတွေကို ကြားဖူးသလဲ"လို့ မေးပါ။
- ❖ စကားသံထုတ်လုပ်တဲ့အခါမှာ အတိုးအကျယ်၊ အဖိအဖော့၊ အရှည်အတို၊ အတက်အကျများ ရှိကြောင်းကို လက်တွေ့သရုပ်ဖော်၍ ရှင်းပါ။

**သာဓက–**

- ♦ "ဟဲ့နော် လုဒ္ဒက ဆင်စွယ်ကိုမရရင် ဇီဝနတ္ထိ နင်သေမည်သိစုံ"
  (ကျယ်ကျယ်မာမာ)
- ♦ "ခုသေမလောက် ကျွန်တော်မျိုးကြောက်လှ၍ ဓားအောက်ကသာ အနိုင်ခွာပြီးမှ"
  (တိုးတိုးပျော့ပျော့)

စသည့်အသံများကို ရွတ်ပြပါ။ ထို့နောက် အဖိအဖော့၊ အတိုအရှည်ကို လက်တွေ့ရွတ်ဆိုပြပါ။

DBE BOX - Copyright Protected

♦ "မင်---ဂလာပါ ဆရာမ" (မင် ကို ဖိ၊ ကျန်စကားများဖော့၊ မင်ကို ရှည် ကျန်စကားများ တို) အသံအတက်အကျကို ရွတ်ဆိုပြပါ။

မေးခွန်း ။ ။ တကယ် --- (အသံမြှင့်ပြော)

ဟုတ်ရဲ့လား --- (အသံနှိမ့်ပြော)

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ ကျောင်းသားတစ်ဦးချင်းစီကို အသံအရှည်အသေွးအမျိုးမျိုး ရွတ်ဆိုပါစေ။

❖ အုပ်စုနှစ်စု ဖွဲ့ပါ။ တစ်ဖွဲ့ကို အသံကျယ်ကျယ်မာမာရွတ်စေပြီး ကျန်တစ်ဖွဲ့ကို တိုးတိုးပျော့ပျော့ ရွတ်ပါစေ။

❖ တစ်ဖွဲ့ရွတ်ဆိုနေချိန်မှာ ကျန်တစ်ဖွဲ့ကို နားထောင်ပါစေ။

❖ အဲဒီအတိုင်း အဖိအဖော့၊ အရှည်အတို၊ အတက်အကျကို ရွတ်ပါစေ။

❖ အသင့်ပြုလုပ်ထားတဲ့ သီချင်းအသံဖိုင်တွေကိုဖွင့်ပြပြီး ( အသံဖိုင်မရနိုင်ပါက ကိုယ်တိုင်သီဆိုပြပါ။) ဘယ်လိုအသံမျိုး ( အသံဝါ၊ အသံပြာ၊ နှာသံ စသည်) ဖြစ်ကြောင်းရှင်းပါ။

❖ နောက်ထပ်အသံဖိုင်တွေကို (ကိုယ်တိုင်သီဆိုပြီး)ဖွင့်ပြကာ ဘယ်လိုအသံဖြစ်ကြောင်း ကျောင်းသားများကို ပြောပါစေ။

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ အသံအရှည်အသွေးတစ်ခုစီကို လက်တွေ့ရွတ်ဆိုပြပါ။

# နရီ

| | |
|---|---|
| **သင်ခန်းစာခေါင်းစဉ်** | **– နရီ** |
| **ရည်ရွယ်ချက်** | **– ကဗျာ့နရီအကြောင်းကို သိရှိစေရန်** |
| **သင်ယူမှုရလဒ်** | **– ကဗျာ့နရီအကြောင်းကို သိရှိလာမည်။** |
| **သင်ကြားနည်း** | **– အမေးအဖြေနည်း**<br>**လက်တွေ့သရုပ်ဆောင်သင်ကြားနည်း** |
| **သင်ထောက်ကူပစ္စည်း** | **– နမူနာပြကဗျာများ ရေးမှတ်ထားသည့်စာကတ်ပြားများ၊ ဝါးလက်ခုပ်** |
| **သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** | **– စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်** |
| **စာသင်ချိန်** | **– ၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်** |

## စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**
**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- ❖ "နရီဆိုတာ ဘာကိုခေါ်သလဲ"ဆိုတဲ့ မေးခွန်းကို မေးပါ။
- ❖ အခုစာသင်ချိန်မှာ နရီအကြောင်းကိုရှင်းပြမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- ❖ "နရီဆိုတာ နာရီလိုပဲ ပုံမှန်အချက်ကျကျရွေ့လျားနေတဲ့သဘောကို"ခေါ်ကြောင်း ရှင်းပါ။
- ❖ နရီရဲ့သဘောကို လက်တွေ့သင်ကြားပေးမဲ့အကြောင်း ပြောကြားပြီး နိဂုံးချုပ်ပါ။
- ❖ နမူနာပြကဗျာတစ်ပုဒ်ကို သင်ပုန်းပေါ်မှာ ရေးသားပေးပါ။ စည်းချက်လိုက်ရမဲ့ စကားလုံးနေရာကို ရောင်စုံမြေဖြူ သို့မဟုတ် ရောင်စုံမင် သို့မဟုတ် မျဉ်းသားပြီး ရေးသားပါ။
- ❖ ကျောင်းသားအားလုံးကို လက်ခုပ်တီးပြီး စည်းချက်လိုက်ကာ ညီညီညာညာနဲ့ သီဆိုကြရမှာဖြစ်ကြောင်းရှင်းပါ။

  ချိုမိုင်မိုင်
  ချိုမိုင်မိုင်

DBE BOX - Copyright Protected

ချို့ချို့မိုင်မိုင်

ဆိုတဲ့ ကဗျာကို လက်ခုပ်တီး၍ စည်းချက်လိုက်ကာ သီဆိုကြရမှာဖြစ်ကြောင်းရှင်းပါ။

❖ မျဉ်းသားထားသည့်နေရာများမှာလက်ခုပ်တီးပြီး စည်းချက်လိုက်ပေးရမှာဖြစ်ကြောင်း ညွှန်ကြားပါ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

❖ ကျောင်းသားတွေကို အုပ်စုနှစ်စုဖွဲ့ပါ။

❖ နမူနာပြကဗျာတွေဖြစ်တဲ့"ရပ်နိုင်ပေ့"၊"တူတူရေဝါး"၊ "ရွှေလက်ခုပ်"ကဗျာတွေကို တစ်လှည့်စီ လက်ခုပ်တီးပြီး သီဆိုကြပါစေ။

❖ တစ်ဖွဲ့က သီဆိုတဲ့အခါ ကျန်တစ်ဖွဲ့က နားထောင်အကဲဖြတ်ပါစေ။

❖ စည်းချက်များယွင်းလိုက်မိတဲ့နေရာရှိရင် အချင်းချင်းထောက်ပြဆွေးနွေးကြပါစေ။

❖ လိုအပ်ရင် ဆရာက တည့်မတ်သင်ကြားပါ။

DBE BOX - Copyright Protected

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**သင်ကြားခြင်း**

❖ ကျောင်းသားအားလုံးကို ပန်းသည်ကဗျာပါ မျဉ်းသားထားတဲ့ စကားလုံးတွေရဲ့နေရာမှာ လက်ခုပ်တီးပြီး စည်းချက်လိုက်ကာ စည်းချက်ကျကျ သီဆိုကြပါစေ။ (လက်ခုပ်မတီးနိုင်သူကို ပေတံဖြင့်ဖြစ်စေ၊ ခြေထောက်ဖြင့်ဖြစ်စေ အဆင်ပြေရာနှင့် စည်းချက်လိုက်ပါစေ။)

**ပန်းသည်**

မောင်လေးရေ ထပါတော့
ရောင်နီ လာလှပေါ့။
တစ်ကျော့ နှစ်ကျော့ တေးကိုသီ
ငှက်ကျားနှုတ်ပလီ
တောင်ဆီနားက ခရေပန်း
ပင်အောက် ကြိုင်လို့လန်း

ဗန်းလေးယူခဲ့ မောင်လေးရယ်
သွားကောက်ချေစို့ကွယ်
ပန်းသည်လုပ်စို့ တပြုံးပြုံး
ပန်းတွေ တကုံးကုံး။

**(မင်းသုဝဏ်)**

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

| **သပြေသီးကောက် (၁ ပုံမှန်)** | **သပြေသီးကောက် (၂ အနှေး+အမြန်)** |
|---|---|
| ဝါဆိုဝါခေါင် ရေတွေကြီးလို့ | ဝါဆိုဝါခေါင် ရေတွေကြီးလို့ |
| သပြေသီးမှည့် ကောက်စို့ကွယ် | သပြေသီးမှည့် ကောက်စို့ကွယ် |
| ခရာဆူးချုံ ဟိုအထဲက | ခရာဆူးချုံ ဟိုအထဲက |
| မျှော့နက်မည်းကြီး တွယ်တတ်တယ် | မျှော့နက်မည်းကြီး တွယ်တတ်တယ် |
| မျှော့နက်ဆိုတာ ချိုနဲ့လားကွဲ့ | မျှော့နက်ဆိုတာ ချိုနဲ့လားကွဲ့ |
| မြွေနဂါးတောင် ကြောက်ဘူးကွယ် | မြွေနဂါးတောင် ကြောက်ဘူးကွယ် |
| တို့လဲကြောက်ပေါင် အတူသွားစို့ | တို့လဲကြောက်ပေါင် အတူ သွားစို့ |
| အုန်းလက်နွားလေး ထားခဲ့မယ် | အုန်းလက်နွားလေး ထားခဲ့မယ် |
| သွားကွယ် သွားကွယ်။ | သွား ကွယ် သွား ကွယ်။ |

**(မင်းသုဝဏ်)**

DBE BOX - Copyright Protected

❖ ကျောင်းသားတွေကို အဖွဲ့ ၂ ဖွဲ့ ဖွဲ့ပါ။
❖ ဖော်ပြထားတဲ့ကဗျာနှစ်ပုဒ်ကို အဖွဲ့ (၁) က ပုံမှန်၊ အဖွဲ့ (၂) က အနှေး + အမြန် သီဆိုပါစေ။
❖ အဖွဲ့ (၁) က အနှေး + အမြန်၊ အဖွဲ့ (၂) က ပုံမှန် သီဆိုပါစေ။
❖ ကဗျာနှစ်ပုဒ်မှာ လက်ခုပ်တီးရတဲ့နေရာမတူညီတာကို သိလာပြီးမှ

(၁) လက်ခုပ်တီးတဲ့နေရာဟာ နရီစည်းဝါး တစ်ဖြတ်စာဖြစ်ကြောင်း ရှင်းပါ။

(၂) လက်ခုပ်အနေးအမြန်ပေါ်မူတည်ပြီး နရီအနေးအမြန်အသွက်ကွာခြားသွားတာ တွေ့နိုင်ကြောင်း ရှင်းပါ။

(၃) ကဗျာအကြောင်းအရာပေါ်မူတည်ပြီး နရီအနေးအမြန်ကို ချင့်ချိန်သီဆိုရန် ဖြစ်ကြောင်း ရှင်းပါ။

❖ ကဗျာတိုင်းမှာ နရီစည်းဝါးရှိကြောင်း၊ ကဗျာအကြောင်းအရာပေါ်မူတည်ပြီး နရီအနေးအမြန်ကို ချင့်ချိန်သီဆိုရန်ဖြစ်ကြောင်းကို သင်ကြားပြီး သင်ခန်းစာကို အဆုံးသတ်ပါ။

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**လေ့ကျင့်ခြင်း**

❖ ကျောင်းသားများကို အုပ်စုနှစ်စုဖွဲ့ပါ။

❖ ဖော်ပြထားတဲ့ ကဗျာတွေကို တစ်ဖွဲ့ချင်းစီ နရီရှာပါစေ။

❖ အုပ်စုတစ်စုလေ့ကျင့်နေစဉ် ကျန်အုပ်စုကနားထောင်ပြီး စည်းချက်လိုက်ကြည့်နေပါစေ။

❖ စည်းချက်လွတ်သွားတဲ့နေရာကို ကျန်တစ်ဖွဲ့က ဆွေးနွေးထောက်ပြပါစေ။

❖ လိုအပ်တဲ့နေရာမှာ ဆရာက နရီစည်းချက်ကို ဝင်ရှာပါ။

### မနီကလေး

မနီကလေး၊ ဘယ်ကလာ
အိမ်ကထွက်လို့လာ။
အိမ်ကထွက်လို့၊ ဘယ်ကိုသွား
စာသင်ကျောင်းကိုသွား။
စာသင်ကျောင်းက ဘာတွေသင်
စာရေးစာဖတ်သင်။
စာရေးစာဖတ်၊ ဘာလုပ်ဖို့
မနီကလေးလိမ္မာဖို့။

(တင်မိုး)

DBE BOX - Copyright Protected

**ဆွမ်းအုပ်နီနီ**

ဆွမ်းအုပ်နီနီ အမေရွက်လို့

နက်ဖြန်မနက် ကျောင်းထွက်မယ်။

မောင်လဲလိုက်မယ် ချန်မထားနဲ့

အမေသွားတော့ ပျင်းလှတယ်။

ကျောင်းကြီးပေါ်မှာ မောင်ငယ်ဆော့တော့

ဘုန်းကြီးအော့လို့ ရိုက်လိမ့်မယ်။

မောင်မဆော့ပေါင် စိပ်ပုတီးနဲ့

ဘုန်းတော်ကြီးလို နေပါ့မယ်။

လိုက်မယ်၊ လိုက်မယ်။

**(မင်းသုဝဏ်)**

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

❖ ကျောင်းသားအားလုံး ဝက်ပါ ကဗျာကို ပုံမှန်နရီစည်းချက်များ ရှာပါစေ။

**ဝက်ပါ**

အေးရိပ်သာတဲ့ ပညောင်ညို

ဥဩတွန်သံချို။

ဒိုးယိုစီးတဲ့နဒီတွင်း

သမင်ရေသောက်ဆင်း။

မြက်ခင်းလဲ့လဲ့ မြေညီညီ

ကဲ့ကော်ဝတ်မှုန်စီ။

ဇာလီပျော်တဲ့ကျောင်းသခ်မ်း

လူလေးသွားချင်စမ်း။

**(မင်းသုဝဏ်)**



DBE BOX - Copyright Protected

❖ ကျောင်းသားအားလုံး ကြက်တူရွေးကဗျာကို နရီစည်းချက် အနေး ရှာပါစေ။

**ကြက်တူရွေး**

ကြက်တူရွေး ကြက်တူရွေး၊
ရွှေခဲကြက်တူရွေး။
ညီပုလေးကို စာအံသင်၊
ရွှေခဲစာအံသင်။
ညီလေးခင် စာပြန်တုန်း၊
ရွှေခဲ စာပြန်တုန်း။
ဝလုံးရေးဖို့ ညီလေးထိုင်၊
ရွှေခဲ မရေးနိုင်။
ငေးမှိုင်ရှာပေ့ါ ကြက်တူရွေး၊
ရွှေခဲကြက်တူရွေး။

**(မင်းသုဝဏ်)**

DBE BOX - Copyright Protected

❖ ကျောင်းသားအားလုံး တို့ကျောင်းကဗျာကို နရီစည်းချက် အမြန်ရှာပါစေ။

**တို့ကျောင်း**

ပန်းကလေးများ ပွင့်တော့မည်၊
ဖူးတံဝင့်လို့ချီ။
နေခြည်မှာ ရွှေရည်လောင်း၊
ငါတို့စာသင်ကျောင်း။

**(ပျဉ်းမနားမောင်နီသင်း)**

❖ လိုအပ်ချက်များကို ဆရာက ဖြည့်စွက်ပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ ဖော်ပြထားတဲ့ကဗျာတွေရဲ့ ပုံမှန်နရီစည်းချက်ကို ရှာပါ။ ပုံမှန်၊ နှေး၊ မြန် ဆုံးဖြတ်ပါ။

**ယောက်ျားတံခွန်**

ကောင်းကင်ပေါ်မှာ ကြယ်တွေထွက်တော့
မောင်မောင်တက်လို့ ခူးချင်တယ်။
အပြန်လမ်းမှာ ကြယ်တွေပွေ့လို့
မေမေဖို့လဲ ယူခဲ့မယ်။
ကောင်းကင်ဆိုတာ အလွန်ဝေးတော့
လူလေးတက်ရောက်ဖို့မလွယ်။
ယောက်ျားတံခွန် သတ္တိဖွဲ့နဲ့
မိုးစွန်ကြယ်လဲ ယူနိုင်တယ်။
မောင်မောင့်ကိုသာ ခွင့်ပေးပါတော့
ကြယ်ကလေးတွေ ခူးပေးမယ်။
ခူးပေးမယ်၊ ခူးပေးမယ် ။ ။

**(မောင်သက်ကြူ)**

**ဝိုင်းကြီးပတ်ပတ်**

ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ
ကစားကြမယ်လေ။
ကြယ်တွေလတွေကမ္ဘာပတ်
နေက မားမားရပ်။
နေလုံးကြီးက အလယ်လူ
ဖိုးသာဝနဲ့တူ
ကြယ်ဖြူဖြူနဲ့ ကမ္ဘာက
တို့နဲ့ညီတူမျှ။
ကစားကြစို့ တို့တစ်တွေ

DBE BOX - Copyright Protected

ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ။
ကြယ် လ ကမ္ဘာ နေကိုပတ်
ဝိုင်းကြီးပတ်ပတ် တို့မရပ်။

**(မမြတ်မွန်)**

**အရုပ်မျိုးစုံ**

ချိုးရုပ်ကလေးနဲ့ ကျားရုပ်လေး
မေမေဈေးက ဝယ်လို့ပေး။
ပစ်တိုင်းထောင်လေး ချစ်စရာ
ဒေါ်လေးယူလို့လာ။
ဖေဖေပေးတာ မြင်းဖြူရုပ်
ဆွဲလိုက်ရင် တလှုပ်လှုပ်။
နွားရုပ်ကလေး ရွှံ့နဲ့ကွယ်
သားသားလုပ်ပါတယ်။
ချစ်စဖွယ်အရုပ်များ
သားသား ဆော့ကစား။

**(မင်းယုဝေ)**

DBE BOX - Copyright Protected

# ကာရန်

| | |
|---|---|
| **သင်ခန်းစာခေါင်းစဉ်** | **– ကာရန်** |
| **ရည်ရွယ်ချက်** | **– ကာရန်အကြောင်းကို သိရှိစေရန်** |
| **သင်ယူမှုရလဒ်** | **– ကာရန်အကြောင်းကို သိရှိလာမည်။** |
| **သင်ကြားနည်း** | **– အမေးအဖြေနည်း** |
| **သင်ထောက်ကူပစ္စည်း** | **– ဗျည်း၊ သရများရေးထားသည့်စာကတ်ပြားများ** |
| **သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** | **– စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်၊** |
| **စာသင်ချိန်** | **– ၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်** |

## စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**
**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- "ကာရန်ဆိုတာ ဘာကိုခေါ်တာလဲ"လို့ မေးပါ။
- အခုစာသင်ချိန်မှာ ကာရန်အကြောင်းကို သင်ကြားပေးမှာဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- "ကာရန်ဆိုတာ အဆုံးသရသံကို ကာရန်လို့ခေါ်တယ်" လို့ ရှင်းပါ။
- "ကာရန်ရဲ့သဘောကို လက်တွေ့သင်ကြားပေးမယ်" လို့ပြောပြီး ကာရန်အကြောင်းကို ရှင်းပါ။
- အသင့်ပြုလုပ်ထားတဲ့ ဗျည်း၊ သရ ကတ်ပြားတွေရဲ့ အကူအညီနဲ့ ကာရန်ရဲ့သဘောကို ရှင်းပါ။
- ဗျည်းကတ်ပြားတစ်ခုကို ပြပါ။ သာဓက - " န "
- သရကတ်ပြားတစ်ခုကို ပြပါ။ သာဓက - "ေအ "
- ကျောင်းသားအားလုံးကို ဗျည်းကတ်ပြား၊ သရကတ်ပြားရဲ့ အသံထွက်ကို ရွတ်ဖတ်ပါစေ။
- ဗျည်း "န" နှင့် "ေအ" သရပေါင်းရင် "နေ" ဆိုတဲ့ အသံရကြောင်း ရှင်းပါ။
- "နေ"ဆိုတဲ့ အသံက "န"ဗျည်းနေရာမှာ "လ" ဗျည်းကို ထည့်ပြီး အသံထုတ်ကြည့်ပါစေ။ "လေ" ဆိုတဲ့ အသံရကြောင်း ရှင်းပါ။

DRE BOX Copyright Protected

❖ အပြန်အလှန်သဘောအနေနဲ့ စကားလုံးတစ်လုံးကိုလဲ ဗျည်းနဲ့ သရခွဲခြားတတ်ရမှာဖြစ်ကြောင်း ရှင်းပြ၍ ဗျည်းနဲ့ သရခွဲခြားရမဲ့ပုံကို သာဓကနဲ့တကွရှင်းပါ။

**သာဓက–**

- ♦ န (ဗျည်း) + အေ(သရ) = နေ

❖ နေ ဆိုတဲ့ စကားလုံးမှာ ဗျည်းကိုအရင်ထုတ်ကြည့်ပါစေ။ (ဗျည်း = န)

❖ န ဗျည်းနေရာမှာ အ ထည့်၍ ရွတ်ဆိုကြည့်ပါစေ။ (အေ)

❖ န + အေ = နေ ရကြောင်းရှင်းပါ။

❖ မြန်မာစကားသံတွေဟာ အခြေခံအနေနဲ့ ဗျည်းနဲ့ သရတို့ ပေါင်းစပ်ပါဝင်တဲ့အကြောင်းရှင်းပါ။

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ ဖော်ပြထားတဲ့ လျှို့ဝှက်စကားများကို ကျောင်းသားများအား အဖြေရှာပါစေ။

- ♦ န အေ က အောင်း လ အား။
- ♦ လ အာ ခ အဲ့ ပ အာ အ အုံး။
- ♦ ဘ အော လ အုံး က အန် မ အယ်။

❖ အဖြေထုတ်ရမဲ့ပုံကို ထပ်မံရှင်းပါ။

- ♦ န + အေ =နေ
  က + အောင်း=ကောင်း
  လ + အား=လား
  နေကောင်းလား။

❖ ကျန်စာကြောင်းများကို တစ်ဦးချင်း အဖြေရှာပါစေ။

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ ကျောင်းသားတွေကိုယ်တိုင် လျှို့ဝှက်စကားတွေကို ဖန်တီးကြပါစေ။

- ♦ စားကြမယ် - ဆိုတာကို ရေးပါ။
- ♦ အိမ်ပြန်ပြီလား - ဆိုတာကို ရေးပါ။
- ♦ မိုးစင်စင်လင်းပြီ - ဆိုတာကို ရေးပါ။

DBE BOX - Copyright Protected

## စာသင်ချိန် ၂

### လုပ်ငန်းစဉ် ၁

### သင်ကြားခြင်း

❖ အသံတစ်သံမှာ အခြေခံအနေနဲ့ ဗျည်းသံနဲ့ သရသံ ပေါင်းစပ်ပါဝင်တတ်ကြောင်းကို သိပြီးဖြစ်တဲ့အတွက် အခုကာရန်အကြောင်းကို ဆက်ပြီးသင်ကြားပေးမယ်ဆိုတဲ့အကြောင်း မိတ်ဆက်ပါ။

❖ သင်ပုန်းပေါ်တွင် အောက်ပါစာများကို ရေးပါ။

| အစဗျည်းသံ | + | အဆုံးသရသံ |
|---|---|---|
| ဘ | + | အော |
| လ | + | အုံး |
| က | + | အန် |
| မ | + | အယ် |

ဘောလုံးကန်မယ်။

❖ သင်ပုန်းပေါ်က စာကို အသံထွက် ဖတ်ပါစေ။

❖ အဆုံးသရသံကို ကာရန်လို့ခေါ်ကြောင်း ရှင်းပါ။

❖ အဲဒီနောက် ကျောင်းသားအားလုံးက အောက်မှာပါတဲ့ စကားလုံးတွေကိုကြည့်ပြီး ညီညီညာညာ ရွတ်ကြပါစေ။ "ဘော၊ လုံး ၊ ကန်၊ မယ်" စတဲ့ စကားလုံးတွေကို ဗျည်းနေရာများမှာ "အ" ထည့်ပြီး ဆိုပါစေ။

ဘော = အော

လုံး = အုံး

ကန် = အန်

မယ်= အယ်

❖ အပေါ်က စကားလုံးတိုင်းရဲ့ (ဘော၊ လုံး၊ ကန်၊ မယ်) အဆုံးသရသံတွေဟာ ကာရန်ဖြစ်ကြောင်း၊ ဒါကြောင့် "အော" ဟာ "အောကာရန်"၊ "အုံး" ဟာ "အုံးကာရန်"၊ "အန်" ဟာ "အန် ကာရန်"၊ "အယ်" ဟာ "အယ် ကာရန်" ဖြစ်ကြောင်း ရှင်းပါ။

DBE BOX - Copyright Protected

❖ ဒါပေမဲ့ ကဗျာထဲမှာ ကာရန် ၂ လုံးဆင့်၊ ကာရန် ၃ လုံးဆင့်ညီမှသာ ကာရန်နေရာလို့ သတ်မှတ်ကြောင်း ရှင်းပါ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း**

❖ နုယဉ်ရဲ့"ခဲတံကလေး"ကဗျာကို သင်ပုန်းပေါ်တွင် ရေးပါ။

❖ ကာရန်နေရာများကို မျဉ်းသားပြပါ။

ခဲတံနီကလေး တစ်ချောင်း
လက်ရေးလှလှ ရေးလို့ကောင်း
မမ ပါးဖောင်းဖောင်း။
ခဲတံနီလေး တိုတို
ညီညီ စာလုံး ရေးမယ်ဆို
မျက်နှာ ပြုံးလို့ချို ။
ရေးမယ်ဆို ရေးပေရော့
ညီညီမဆော့ စာသင်တော့
ကကြီး ခခွေး ဂငယ်ပေါ့။

❖ "ချောင်း၊ ကောင်း၊ ဖောင်း"၊ "တို၊ ဆို၊ ချို"၊ "ရော့၊ တော့၊ ပေါ့" စတဲ့စကားလုံးတွေဟာ ပိုဒ်ဆုံးကာရန်တွေဖြစ်ကြောင်းပြောပြပြီး ကျောင်းသားတွေကို ဘာကာရန်တွေဆိုတာ ပြောပါစေ။

❖ ပိုဒ်ဆုံးကာရန်ဆိုတာ စာကြောင်းတစ်ကြောင်းရဲ့ အဆုံးမှာရှိတဲ့ ကာရန်ကိုခေါ်တာဖြစ်ကြောင်း ရှင်းပါ။

❖ ကျောင်းသားတွေကို အုပ်စု ၂ စု ခွဲပါ။

❖ စာပိုဒ်အတွင်းမှာ ချိတ်ထားတဲ့ ပိုဒ်တွင်းကာရန်တွေလဲ ပါဝင်သေးကြောင်းပြောပြီး အုပ်စုလိုက် ပိုဒ်တွင်းကာရန်တွေကို ရှာပါစေ။

DLE BOX - Copyright Protected

ခဲတံနီကလေး တစ်ချောင်း
လက်ရေးလှလှ ရေးလို့ကောင်း
မမ ပါးဖောင်းဖောင်း။
ခဲတံနီလေး တိုတို
ညီညီ စာလုံး ရေးမယ်ဆို
မျက်နှာ ပြုံးလို့ချို ။
ရေးမယ်ဆိုရေးပေရော့။
ညီညီမဆော့ စာသင်တော့
ကကြီး ခခွေး ဂငယ်ပေါ့။

("လေးနဲ့ ရေး"၊ "လှလှနဲ့ မမ"၊ "နီနဲ့ ညီ"၊ "လုံးနဲ့ ပြုံး"၊ "ချိုနဲ့ ဆို"၊ "ရော့နဲ့ ဆော့" တို့သည် ပိုဒ်တွင်းကာရန်များဖြစ်သည်)

## စာသင်ချိန် ၃

### လုပ်ငန်းစဉ် ၁

### လေ့ကျင့်ခြင်း

- ကျောင်းသားတွေကို အုပ်စုနှစ်စုဖွဲ့ပါ။
- စိန်၊ နီ ၊ တော်၊ လူ၊ ခင်၊ မောင်၊ ဖုံး၊ တိပ်၊ ငှက်၊ လှေ စတဲ့စကားလုံးတွေရဲ့ ကာရန်ကိုပြောပါစေ။

**သာဓက–**

- ခြေ - အေကာရန်

- အုပ်စုတစ်စုရဲ့အဖြေကို ကျန်အုပ်စုက စစ်ဆေးပါစေ။
- အောက်မှာဖော်ပြထားတဲ့ စာကြောင်းတွေထဲက ကာရန်တူတွေကို မျဉ်းသားပါစေ။ ဘာကာရန်ဖြစ်တယ်ဆိုတာကို ဖော်ပြပါစေ။

**သာဓက–**

- ကြိုးစားက ဘုရားဖြစ်နိုင်တယ်။ (အား ကာရန်)



DBE BOX - Copyright Protected

(၁) လူမိုက်နှင့်ငွေ အတူမနေ။

(၂) ပညာလို အိုသည်မရှိ။

(၃) အကြံကုန် ဂဠုန်ဆားချက်

(၄) ငုံးဆူ လူမသိ။

(၅) ပညာရွှေအိုး လူမခိုး။

(၆) မေးဖန်များ စကားရ။

(၇) ကျီစားသန် ရန်ဖြစ်။

(၈) ဆရာမပြ နည်းမကျ။

(၉) ပညာရဲရင့် ပွဲလယ်တင့်။

(၁၀) ရိုးရိုးကျင့် မြင့်မြင့်ကြံ။

❖ အဖွဲ့အချင်းချင်း အပြန်အလှန် အကဲဖြတ်ပါစေ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

❖ ဖော်ပြထားတဲ့ကဗျာကို သင်ပုန်းပေါ်မှာ ရေးပါ။

❖ ကျောင်းသားတွေကို အုပ်စု ၃ စု ဖွဲ့ပါ။

❖ ကာရန်တွေကို ရှာပါစေ။ အဖြေကို အုပ်စုအချင်းချင်း အပြန်အလှန်စစ်ဆေးပါစေ။

❖ မှားသည့်နေရာရှိပါလျှင် ဆရာကပြင်ပါ။

**ကကြီး၊ ခခွေး ကျွန်တော့်တေး**

ကျောင်းသွားကြမယ်၊ လာကြကွာ

ဟင့်အင်း ပျင်းတယ်ဗျာ။

ပျော်စရာ ကောင်းတယ်ကွ

ခက်တယ်၊ ပျင်းတယ်၊ ကြောက်တယ်ဗျ။

ရေးကွယ် မှတ်ကွယ် မခက်ပါ

အလွယ်လေးလားဗျာ။

နေလုံးနီ ဟာ ဝလုံးပဲ့
ဟုတ်လှချည်လား မမရ။
ဝလုံးလေးကို ပိုင်းလိုက်မှာ
အလွယ်လေးလားဗျာ။
ပက်လက်ဟာ ပ မှောက်ရင် ဂ
စောင်းလိုက်ရင်တော့ င လားဗျ။
ရေးကြ မှတ်ကြ က ခ ဟာ
အလွယ်လေးလားဗျာ။
ကတာ ခုန်တာ က ခ ကွဲ့
ကမယ် ခုန်မယ် ဟုတ်ပါရဲ့။
စာတတ်ချင်ရင် စာသင်ပါ
မှန်မှန် ကျောင်းတက်မှာ။
ကျောင်းစာဆိုတာ လွယ်လွယ်လေး။
ကကြီး ခခွေး ကျွန်တော့်တေး။

**မောင်ကြည်သော် (ကောလင်း)**

DBE BOX - Copyright Protected

## ဆောင်ပုဒ်(လင်္ကာ)

| | | |
|---|---|---|
| **သင်ခန်းစာခေါင်းစဉ်** | – | **ဆောင်ပုဒ်(လင်္ကာ)** |
| **ရည်ရွယ်ချက်** | – | **လင်္ကာသွားဖြင့်ရေးသားထားသည့်ဆောင်ပုဒ်အကြောင်းကို သိရှိစေရန်၊ လင်္ကာသွားဖြင့်ဆောင်ပုဒ်ရေးတတ်စေရန်** |
| **သင်ယူမှုရလဒ်** | – | **လင်္ကာသွားဖြင့်ဆောင်ပုဒ်ရေးသားတတ်လာမည်။** |
| **သင်ကြားနည်း** | – | **ဆွေးနွေးအဖြေရှာနည်း** |
| **သင်ထောက်ကူပစ္စည်း** | – | **ဆောင်ပုဒ်များကို ရေးသားထားသည့်စာကတ်ပြားများ** |
| **သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** | – | **စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်** |
| **စာသင်ချိန်** | – | **၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်** |

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**
**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- "ဆောင်ပုဒ်ဆိုတာ ဘာကိုခေါ်တာလဲ"ဆိုတဲ့မေးခွန်းကို မေးပါ။
- "အခုစာသင်ချိန်မှာ ဆောင်ပုဒ်(လင်္ကာ)အကြောင်းကိုသင်ကြားပေးမယ်"လို့ နိဒါန်းပျိုးပါ။
- "လူပုဂ္ဂိုလ်တစ်စုံတစ်ယောက်ရဲ့ခံယူချက်၊ အဖွဲ့အစည်းတွေရဲ့သဘောထား၊ လူတွေအတွက် တိုက်တွန်းချက်တွေကို ဖော်ပြထားတဲ့ စကားစုအတိုလေးကို ဆောင်ပုဒ်" လို့ခေါ်ကြောင်း ရှင်းပါ။
- ဆရာက ဦးစွာ ကျောင်းသားတွေနဲ့ နားယဉ်နေတဲ့ ဆောင်ပုဒ်တချို့ကို ရွတ်ပါ။
- နောက်ပြီး ကျောင်းသားတွေ ကြားဖူးတဲ့ ဆောင်ပုဒ်တွေကို ရွတ်ဆိုကြည့်ပါစေ။
- ကျောင်းသားတွေ ရွတ်ဆိုပြတဲ့ ဆောင်ပုဒ်တွေကို သင်ပုန်းပေါ်မှာ ရေးမှတ်ပါ။
- ပြီးတဲ့နောက် ကျောင်းသားအားလုံးကို သံပြိုင် ညီညီညာညာဖတ်ပါစေ။

DBE BOX - Copyright Protected

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း**

❖ ဖော်ပြထားတဲ့ ဆောင်ပုဒ်(လင်္ကာ)ကို သင်ပုန်းပေါ်ချရေးပြီး ကာရန်ရှာပြပါ။

❖ "စာအုပ်စာပေ လူ့မိတ်ဆွေ" ဆိုတဲ့ ဆောင်ပုဒ်မှာ "ပေ"နှင့် "ဆွေ" ဟာ ကာရန်တွေဖြစ်ကြောင်း၊ ကာရန်အမျိုးအစားဟာ " အေ ကာရန်" ဖြစ်ကြောင်း၊ ဆောင်ပုဒ်တွေကို အများအားဖြင့် ကာရန်နဲ့ ရေးသားတတ်ကြောင်း၊ အဲဒီလိုဆောင်ပုဒ်တွေကို ဆောင်ပုဒ်(လင်္ကာ)လို့လဲ ခေါ်ဆိုနိုင်ကြောင်း ရှင်းပါ။

❖ အောက်ပါဆောင်ပုဒ်တွေကို သင်ပုန်းပေါ်မှာ ချရေးပါ။ ကာရန်ပါတဲ့ ဆောင်ပုဒ်နဲ့ ကာရန်မပါတဲ့ ဆောင်ပုဒ်ဆိုပြီး ခွဲခြားပါစေ။ ကာရန်ပါတဲ့ ဆောင်ပုဒ်တွေမှာ ဘယ်လိုကာရန်တွေကို တွေ့ရကြောင်း ဖြေကြားပါစေ။

မီးဘေးရှောင် မလောင်ခင်တား။

အမှောင်ခွင်း၍ အလင်းဆောင်အံ့။

ရှောင်လေဝေးဝေး မူးယစ်ဆေး။

ယနေ့လက်ငင်း မနက်ဖြန် အကြွေး။

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ ကာရန်မပါတဲ့ ဆောင်ပုဒ်တွေကို မေးပါ။

❖ ကာရန်ပါတဲ့ ဆောင်ပုဒ်တွေကို မေးပါ။

❖ "ကာရန်ပါတဲ့ ဆောင်ပုဒ်နဲ့ ကာရန်မပါတဲ့ဆောင်ပုဒ်တွေမှာ ဘယ်လိုဆောင်ပုဒ်က ပိုနှစ်သက်ဖို့ကောင်းသလဲ။ ဘာကြောင့်လဲ" ဆိုတဲ့မေးခွန်းတွေကို မေးပါ။

**စာသင်ချိန် ၂**

**လုပ်ငန်းစဉ် ၁**

**လေ့ကျင့်ခြင်း**

❖ ဆောင်ပုဒ်(လင်္ကာ)တချို့ကို သင်ပုန်းပေါ်မှာ ရေးပါ။

❖ အထက်မှာဖော်ပြထားတဲ့ဆောင်ပုဒ်တွေကို လက်ခုပ်တီးပြီး နရီစည်းချက် ရှာပါစေ။

❖ စာတစ်ကြောင်းကို နရီအရ နှစ်ပိုင်းပိုင်းပါစေ။

DPF BOX - Copyright Protected

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

❖ ကျောင်းသားတွေကို ဆောင်ပုဒ်လင်္ကာတချို့ပြောပါစေ။

❖ ကျောင်းသားတွေပြောတဲ့ ဆောင်ပုဒ်လင်္ကာတွေကို သင်ပုန်းပေါ်မှာ ချရေးထားပါ။

❖ ကျောင်းသားအားလုံးကို စာအုပ်ထဲမှာ လိုက်ကူးစေပြီး

(က) ကာရန်တူစကားလုံး နှစ်ခုစီကို မျဉ်းသားပြပါစေ။

(ခ) နရီစည်းချက်ရှာပြီး နှစ်ပိုင်းခွဲပါစေ။

(ဂ) တစ်ပိုင်းစီမှာ စာလုံးရေဘယ်လောက်ပါကြောင်း ရေတွက်ပြီးဖြေပါစေ။

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**လေ့ကျင့်ခြင်း**

❖ ကျောင်းသားတွေကို အုပ်စုနှစ်စုဖွဲ့ပါ။

❖ အောက်မှာပါတဲ့ဆောင်ပုဒ်တွေထဲက လိုအပ်တဲ့စကားတွေကို အုပ်စုထဲမှာ ဆွေးနွေးအဖြေရှာတဲ့ နည်းနဲ့ ရှာစေပြီး လိုအပ်သလိုဖြည့်စွက်ပါစေ။

(က) စည်းကမ်းလိုက်နာ - - -။ (ဘေးကင်းကွာ)

(ခ) - - - - လူမခိုး။ (ပညာရွှေအိုး)

(ဂ) - - - - ချစ်လျှင်အကျိုး။ (မုန်းလျှင်အပြစ်)

(ဃ) လူသစ်တည်၍ - - - အံ့။ (ပြည်သစ်ဆောက်)

(င) သစ်တောနဲ့သစ်ပင် - - - တဲ့ လူမျိုး။ (ချစ်ခင်)

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

❖ ကျောင်းသားတစ်ဦးချင်းစီကို ဆောင်ပုဒ်လင်္ကာတွေရဲ့စာလုံးရေနဲ့ ကာရန်အနေအထားကို လေ့လာ အတုယူပြီး ကိုယ်တိုင် ဆောင်ပုဒ်လင်္ကာနှစ်ခုရေးပါစေ။

၁။ ဆေးလိပ်ဆန့်ကျင်ရေး

၂။ ကျောင်းသန့်ရှင်းရေး



DEF BOX Copyright Protected

# ပြန်လှန်လေ့ကျင့်ခန်း

| | |
|---|---|
| **သင်ခန်းစာခေါင်းစဉ်** | – **ပြန်လှန်လေ့ကျင့်ခန်း** |
| **ရည်ရွယ်ချက်** | – **သင်ယူပြီးခဲ့သည့် သင်ခန်းစာများ ပိုင်နိုင်ကျွမ်းကျင်မှု ရှိ၊ မရှိ သိရှိစေရန်** |
| **သင်ယူမှုရလဒ်** | – **သင်ယူပြီးခဲ့သည့် သင်ခန်းစာများကို ပိုမိုပိုင်နိုင် ကျွမ်းကျင်လာမည်။** |
| **သင်ကြားနည်း** | – **လက်တွေ့သရုပ်ဆောင်သင်ကြားနည်း** |
| **သင်ထောက်ကူပစ္စည်း** | – **မလိုပါ။** |
| **သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** | – **စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၁ ခု ပြုလုပ်ရန်** |
| **စာသင်ချိန်** | – **၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်** |

## စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**
**လေ့ကျင့်ခြင်း**

❖ ကျောင်းသားတစ်ဦးချင်းစီကို မှတ်စုစာအုပ်က မေးခွန်းတွေကို ဖြေပါစေ။

❖ ဖော်ပြထားတဲ့ ကဗျာနှစ်ပုဒ်ရဲ့ နရီစည်းဝါးကို လက်ခုပ်တီးပြီး ရွတ်ပါစေ။ ဘယ်ကဗျာရဲ့ နရီစည်းဝါးဟာ နမူနာပြကဗျာတစ်ပုဒ်ဖြစ်တဲ့ "ပန်းသည်" ကဗျာရဲ့ နရီစည်းဝါးနဲ့ တူတယ်ဆိုတာကို အဖြေရှာပါစေ။

**ဖိုးသာထူး**

ဖိုးသာထူး . . . ဖိုးသာထူး
အလွန်ဝတဲ့ ဖိုးသာထူး။
ဖိုးသာထူး ဝမ်းပူပူ
ဖိုးဝကြီးနဲ့တူ။
တူပါသကွဲ့ မယုံငြား
သည်မှာကြည့်ပါလား။

**(မောင်ဖြူး)**

DBE BOX - Copyright Protected

**မိုးကြိုတေး**

ငွေမိုးရယ် ရွာပါတော့

ရေကြည်လိုလှပေ့ါ။

တစ်ကျော့နှစ်ကျော့ ထပ်ကာဆို

မြက်ခြောက် ဟစ်လို့ငို။

တေးချိုပါတဲ့ ကိုရွှေဖား

အုံးအင် မြည်လို့ကြား။

ပင်ထက်ဖျားက ဖူးတံဖြာ

ပိတောက် မြဝတ်လွှာ။

မိုးရွာပါမှ ရွှေလိုဝင်း

ရွာပေ့ါ ခုချက်ချင်း။

(ငွေတာရီ)

❖ အဖြေတွေကို ဆရာက တစ်ဦးချင်းစစ်ဆေးပါ။

**စာသင်ချိန် ၂**

**လုပ်ငန်းစဉ် ၁**

**လေ့ကျင့်ခြင်း**

❖ ကျောင်းသားတစ်ဦးချင်းစီကို မှတ်စုစာအုပ်က မေးခွန်းတွေကို ဖြေပါစေ။

❖ ကိုရွှေဖား ကဗျာက ကာရန်တူတွေကို ကွင်းဝိုက်ပြပါ။

**ကိုရွှေဖား**

ညီညီနားမှာ စိမ့်စိမ့်(ယို)

သူ့တေးသံချို(ချို)။

မြက်(စိုစို) (ကြို)အ(ကြား)။

တေးရှင် ကိုရွှေ(ဖား)။

မြ(သား)လက်လက် ရေအိုင်(ညို)
သူ့တေးငုံ့လို့(ဆို)။
ရေ(ညိုညို) မှန်အ(လား)
တေးရှင်ပီတိ(ပွား)။

**(မင်းသုဝဏ်)**

❖ ညီမလေး ကဗျာမှာ လုံးထပ်ယူသွားတဲ့ ကာရန်တွေကို ဖော်ပြပါ။

**ညီမလေး**

ညီမလေး ထထ
ဩကာသ ဆိုဆို
ချိုချိုရေသောက်သောက်
အောက်ထပ်ကို သွားသွား
မော်တော်ကားပေါ် ထိုင်ထိုင်
ဒရိုင်ဘာ ခေါ်ခေါ်
လမ်းပေါ်ကို မောင်းမောင်း
ကျောင်းဖွင့်ချိန် နီးနီး . . .

**(စဉ့်ကူလှမော်)**

❖ အဖြေတွေကို ဆရာက တစ်ဦးချင်းစစ်ဆေးပါ။

DBE BOX - Copyright Protected

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**
**လေ့ကျင့်ခြင်း**

❖ ကျောင်းသားတစ်ဦးချင်းစီကို မှတ်စုစာအုပ်ထဲက မေးခွန်းတွေကို ဖြေပါစေ။

❖ ဖော်ပြထားတဲ့ အကြောင်းအရာတွေကို ဆောင်ပုဒ်ရေးပါစေ။
(၁) စည်းလုံးညီညွတ်လျှင် အောင်မြင်မှုများကိုရနိုင်သည်။
(၂) စာသင်ကျောင်းများသည် အမျိုးသားစည်းကမ်း၏ အစပျိုးရာဖြစ်သည်။

❖ အဖြေတွေကို ဆရာက တစ်ဦးချင်းစစ်ဆေးပါ။

# သံပေါက်လင်္ကာ

| | | |
|---|---|---|
| **သင်ခန်းစာခေါင်းစဉ်** | – | **သံပေါက်လင်္ကာ** |
| **ရည်ရွယ်ချက်** | – | **သံပေါက်လင်္ကာအကြောင်းကိုသိရှိစေရန်၊ သံပေါက်ကဗျာ စပ်တတ်စေရန်** |
| **သင်ယူမှုရလဒ်** | – | **သံပေါက်ကဗျာ စပ်တတ်လာမည်။** |
| **သင်ကြားနည်း** | – | **ဆွေးနွေးအဖြေရှာနည်း** |
| **သင်ထောက်ကူပစ္စည်း** | – | **သံပေါက်စပ်နည်းကဗျာ ဇယားကွက်** |
| **သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** | – | **စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်** |
| **စာသင်ချိန်** | – | **၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်** |

## စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- ကျောင်းသားများအား "မူလတန်းနဲ့ အလယ်တန်းတုန်းက သင်ယူခဲ့ဖူးတဲ့ သံပေါက်ကဗျာတွေကို မှတ်မိသေးလား"ဟုမေးပါ။
- မှတ်မိတဲ့ သံပေါက်ကဗျာတချို့ကိုဆိုပါစေ။
- အခုစာသင်ချိန်မှာ သံပေါက်ကဗျာစပ်နည်းကို သင်ယူကြရမယ်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- သံပေါက်ဆိုတာ "ဧချင်း၊ မော်ကွန်း စတဲ့ကဗျာရှည်ကြီးတွေရဲ့အဆုံးမှာ ကဗျာကြီးတွေရဲ့ရွတ်ဆိုပုံနဲ့မတူဘဲ ဖောက်ပြီးထည့်ထားတဲ့ကဗျာမျိုးမို့ သံဖောက်လို့ခေါ်ရာကနေ သံပေါက်ဖြစ်လာတယ်လို့ယူဆကြတယ်"လို့ သံပေါက်ဝေါဟာရရဲ့အနက်ကို ရှင်းပြပေးပြီး နိဒါန်းပျိုးတာကို အဆုံးသတ်ပါ။

**လုပ်ငန်းစဉ် ၂**
**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ သံပေါက်ကဗျာစပ်နည်းကို သင်ကြားပေးမယ်လို့ အစပျိုးပါ။

❖ သံပေါက်ကဗျာစပ်နည်းက အစပဒမှာ စကားလုံးလေးလုံး၊ အလယ်ပဒမှာ စကားလုံးသုံးလုံး နဲ့ အဆုံးပဒမှာ စကားလုံးငါးလုံး ဒါမှမဟုတ် စကားလုံးခုနစ်လုံးပါကြောင်းရှင်းပါ။

❖ "ပဒ" ဟူသည့် စကားလုံး၏ အနက်ကိုရှင်းပါ။

❖ "ပဒ" ဆိုတာ ကဗျာလင်္ကာတွေမှာ စကားလုံး လေးလုံး၊ ငါးလုံးစတာတွေနဲ့ ပိုင်းခြားထားတဲ့ အစုကို ခေါ်ဆိုတာဖြစ်ကြောင်း သာဓကနဲ့တကွရှင်းပါ။

**သာဓက –**

♦ ငါးမည်ရွှေကြာ၊ ခက်ညွန့်ဖြာ၊ ကြိုးကြာကိုလဲ ရစ်ရမယ်။

ဆိုတဲ့ သံပေါက်မှာ "ငါးမည်ရွှေကြာ" ဟာ ပဒတစ်ခု ၊ "ခက်ညွှန့်ဖြာ"ဟာ ပဒတစ်ခု၊ "ကြိုးကြာကိုလဲ ရစ်ရမယ်"ဆိုတာ ပဒတစ်ခုဖြစ်ကြောင်း ရှင်းပြပေးပါ။ စုစုပေါင်းပဒသုံးခု ပါဝင်နေတယ်ဆိုတာရှင်းပါ။

❖ သံပေါက်လင်္ကာမှာ သုံးပဒပါဝင်ရမှာဖြစ်ကြောင်းရှင်းပါ။ ပဒတစ်ခုစီမှာပါဝင်တဲ့ စကားလုံး အရေအတွက်ဟာ တစ်ခုနဲ့တစ်ခု မတူညီကြောင်း

♦ ပထမပဒမှာ လေးလုံး/လေးသံ

♦ ဒုတိယပဒမှာ သုံးလုံး/သုံးသံ

♦ နောက်ဆုံးပဒမှာ ငါးလုံး/ငါးသံ သို့မဟုတ် ခုနစ်လုံး/ခုနစ်သံ

ရှိကြောင်း ရှင်းပါ။

❖ ငါးမည်ရွှေကြာ၊ ခက်ညွှန့်ဖြာ၊ ကြိုးကြာကိုလဲ ရစ်ရမည်။

❖ မိုးပေါ်မှာကြယ်၊ လွန်ဆန်းကြယ်၊ စင်ကြယ်ကိုလဲ ရစ်ရမည်။

ဆိုတဲ့ သံပေါက်ကဗျာတွေကို ရွတ်ဆိုပါစေ။

❖ "အစလေးလုံး၊ အလယ်သုံး၊ အဆုံး ငါး၊ ခုနစ်"

ဆိုတဲ့ သံပေါက်လင်္ကာစပ်နည်းကို ရွတ်ဆိုစေပြီး စာသင်ချိန် ၁ ကို အဆုံးသတ်ပါ။

DBE ROX Copyright Protected

## စာသင်ချိန် ၂

### သင်ကြားခြင်း

### လုပ်ငန်းစဉ် ၁

❖ သံပေါက်လင်္ကာစပ်နည်းမှာ အသုံးပြုထားတဲ့ ကာရန်စနစ်ကို လေ့လာကြည့်ကြရမှာဖြစ်တဲ့ အကြောင်း နိဒါန်းပျိုးမိတ်ဆက်ပါ။

❖ သံပေါက်စပ်နည်းကဗျာကို ဇယားကွက်ထဲမှာ ထည့်ပြပါ။

| ၁ | ၂ | ၃ | ၄ |
|---|---|---|---|
| အ | စ | လေး | လုံး |
| အ | လယ် | သုံး | |
| အ | ဆုံး | ငါး | ခုနစ် |

❖ ဘယ်စာတိုင်က စကားလုံးတွေဟာ ကာရန်တူသလဲဆိုတာ ကြည့်ပါစေ။

- ♦ ပထမအကွက်မှာ နံပါတ် ၄ စာတိုင်
- ♦ ဒုတိယအကွက်မှာ နံပါတ် ၃ စာတိုင်
- ♦ တတိယအကွက်မှာ နံပါတ် ၂ စာတိုင်

❖ ဒီ ၄၊ ၃၊ ၂ စာတိုင်တွေက စကားလုံးတွေဟာ ကာရန်တူနေတယ်။ ဒီလိုတူနေတာကိုကြည့်ပြီး ၄-၃-၂ ကာရန်လို့ ခေါ်တယ်ဆိုတာ ရှင်းပါ။

### လုပ်ငန်းစဉ် ၂

### လေ့ကျင့်ခြင်း

❖ ကျောင်းသားများကို အုပ်စု ၂ စု ဖွဲ့ပါ။

❖ ဇယားကွက်အတွင်း သံပေါက်ကဗျာများကို ရေးပါစေ။

❖ ဇယားကွက်ကိုကြည့်၍ ကာရန်စနစ်ကို ရှာပါစေ။

❖ အဖြေ မှန်၊ မမှန်ကို အုပ်စု ၁ စုနှင့် ၁ စု အပြန်အလှန် စစ်ဆေးပါစေ။

DBE BOX - Copyright Protected

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**လေ့ကျင့်ခြင်း**

❖ ကျောင်းသားတစ်ဦးချင်းစီကို မှတ်စုစာအုပ်က မေးခွန်းတွေကို ဖြေပါစေ။

❖ မသိကဗျာကို ဇယားကွက်ထဲထည့်ပြီး ကာရန်ရှာကြည့်ပါစေ။ ဘယ်ကာရန်စနစ်ကို အသုံးပြုထားကြောင်း ရှာပါစေ။

### မသိကဗျာ

ဖွဲ့နွဲ့ရေးစီ၊ ကဗျာသီ
မေ့ဆီပေးလိုက်ရာ။
သံချိုစပ်လား၊ တေးထပ်လား
မေကားမသိပါ။
ဖတ်ကြည့်ပြန်လျှင်၊ သူ့စာယဉ်
မေ့တွင်မရှင်းပါ။
ချစ်ပါကြောင်းလား၊ မုန်းကြောင်းလား
မေကားမသိပါ။

(ငွေတာရီ)

DEE BOX - Copyright Protected

❖ ဖော်ပြထားတဲ့ သံပေါက်ကဗျာတွေကို ကာရန်ရှာပါစေ။

(၁) ပိန်းကောလေ့ငယ်၊ မြစ်ပင်လယ်၊ အလွယ်မကူးသာ။

(၂) နွမ်းလဲနွမ်းနယ်၊ ဟင်းနုနယ်၊ သိပ်နယ်မချက်ရာ။

(၃) ရွှေကြာပဒုံ၊ ပွင့်ဝါငုံ၊ ထုံထုံသင်းပျံ့မွှေး။

(၄) ဖြိုးဖြိုးလုံးလုံး၊ အညီကုံး၊ ကြက်ရုန်းသဇင်ပန်း။

(၅) ရေပူရေချမ်း၊ ငါ့ကိုကမ်း၊ လှမ်း၍မသောက်နိုင်။

(၆) ခက်ခက်ထန်ထန်၊ အတန်တန်၊ စောင်မာန်ကြောက်ဖွယ်သာ။

(၇) ဆွမ်းကျွေးအမှန်၊ ပင့်ဖိတ်မန်၊ နက်ဖြန်ကြွခဲ့ပါ။

(၈) ပညာရှိငြား၊ ထိုသူအား၊ ညာထားကိုးကွယ်လေ။

(၉) တန်ခူးလဲကုန်၊ လကဆုန်၊ လေမုန်တိုင်းအေးအေး။

(၁၀) ခြေနင်းဖိနပ်၊ ခြေတွင်တပ်၊ စီးစွပ်သွားသောခါ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

❖ ကျောင်းသားတွေကို အုပ်စုနှစ်စုဖွဲ့ပါ။

❖ ဖော်ပြထားတဲ့ သံပေါက်တွေထဲက မှားနေတဲ့နေရာတွေကို ပြင်ပါစေ။

❖ အဖြေကို အုပ်စုအချင်းချင်း ဆွေးနွေးအဖြေရှာခြင်းနည်းဖြင့် ဖြေပါစေ။

(၁) စာကျက်ကြပါ
　ညအချိန်
　သာယာကြည်နူးဖွယ်။

(၂) ငွေကြယ်ဖြူဖွေး
　ဆွတ်လို့ယူ
　ဘယ်သူဖြစ်သနည်း။

(၃) မိုးကလဲသည်း
　ထီးမပါ
　စိုရှာနေတော့တာ။

❖ ကျောင်းသားတွေကို အုပ်စုနှစ်စုဖွဲ့ပါ။

❖ အဖြေကို အုပ်စုအချင်းချင်း ဆွေးနွေးအဖြေရှာခြင်းနည်းဖြင့် ဖြေပါစေ။

❖ ဖော်ပြထားတဲ့ စာသားတွေကို သံပေါက်ဖြစ်အောင် ဖြည့်စပ်ပါစေ။

(က) မြသားကောက်ပင်
　လယ်ယာပြင်
　- (+) - -။

(ခ) ညောင်ရွက်လေချီ
　- - (+)
　မပီဝိုးတဝါး။

(ဂ) - - - (+)
　ရွာသည့်မိုး
　ပြည်ကျိုးအတွက်ပါ။



DBE BOX - Copyright Protected

## သုံးကြောင်းကဗျာ

**သင်ခန်းစာခေါင်းစဉ်** – **သုံးကြောင်းကဗျာ**

**ရည်ရွယ်ချက်** – **သုံးကြောင်းကဗျာအကြောင်းကို သိရှိစေရန်၊ သုံးကြောင်းကဗျာ စပ်တတ်စေရန်**

**သင်ယူမှုရလဒ်** – **သုံးကြောင်းကဗျာ စပ်တတ်လာမည်။**

**သင်ကြားနည်း** – **အမေးအဖြေနည်း၊ ဆွေးနွေးအဖြေရှာနည်း**

**သင်ထောက်ကူပစ္စည်း** – **မလိုပါ။**

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** – **စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်**

**စာသင်ချိန်** – **၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်**

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**
**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- ❖ အခုစာသင်ချိန်မှာ သုံးကြောင်းကဗျာစပ်နည်းကို သင်ကြားပေးမှာဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- ❖ "မိမိရေးဖွဲ့လိုတဲ့ အာဘော်ကို ပဒ သုံးပဒ၊ စာကြောင်း သုံးကြောင်းနဲ့ ပြည့်စုံအောင် ရေးဖွဲ့ရတဲ့ ကဗျာကို သုံးကြောင်းကဗျာလို့ခေါ်တယ်"ဆိုတဲ့အကြောင်း မိတ်ဆက်ပါ။
- ❖ ဖော်ပြထားတဲ့ သုံးကြောင်းကဗျာကို သင်ပုန်းပေါ်မှာ ရေးပါ။

**ညဦး**

မှိန်ချည်လင်းချည်

သူပလီသည်

ယာဆီတဲက မီးအိမ်လေး။

- ❖ ကဗျာတွေထဲမှာ နရီ၊ စည်းဝါး ရှိကြောင်းပြောပါ။
- ❖ ကျောင်းသားများအားလုံးကို လက်ခုပ်တီးပြီး " ညဦး"ကဗျာလေးကို ရွတ်ဆိုပါစေ။
- ❖ ကာရန်စကားလုံးတွေကို ရှာပါစေ။
- ❖ ဘယ်ကာရန်စနစ်ကိုသုံးထားကြောင်းမေးပါ။

DEF BOX Copyright Protected

- ❖ သုံးကြောင်းကဗျာလေးတွေမှာ “ကဗျာခေါင်းစဉ်ပါရတယ်၊ ကဗျာခေါင်းစဉ်ကို အများအားဖြင့် ကဗျာနဲ့ဆက်စပ်ပြီး ပေးလေ့ရှိတယ်”ဆိုတာကို သာဓကတွေနဲ့တကွ ရှင်းပါ။
- ❖ သာဓကပြကဗျာလေးရဲ့ ခေါင်းစဉ်ကို“ညဥ့်”လို့ပေးထားကြောင်း၊ ဒါပေမဲ့ နာမည်သက်သက် မဟုတ်ဘဲ ကဗျာကိုကိုယ်စားပြုတဲ့ သဘောပါဝင်နေကြောင်း၊ ကဗျာရဲ့ခေါင်းစဉ် “ညဥ့်”ဆိုတဲ့ စကားလုံးဟာ လသာနေတဲ့ညသက်သက်ကို ပြောတာမဟုတ်ဘူးဆိုတာ ခံစားသိရှိလာနိုင်ကြောင်း၊ အမှောင်ထုဖုံးနေတဲ့ညထဲမှာ ယာတဲ တစ်ခုကမှိန်ချည်၊ လင်းချည်ဖြစ်နေတဲ့ မီးအိမ်ကလေး အကြောင်းကို ဖွဲ့ထားတဲ့ကဗျာဖြစ်တယ်ဆိုတာကို ခံစားသိလာရစေတဲ့စကားလုံးဖြစ်ကြောင်း ရှင်းပါ။
- ❖ သုံးကြောင်းကဗျာတွေရဲ့ခေါင်းစဉ်က အာဘော်ကို ဖော်ထုတ်နိုင်ဖို့ သဲလွန်စပေးနိုင်ကြောင်း ရှင်းပါ။
- ❖ ဖော်ပြထားတဲ့ သုံးကြောင်းကဗျာကို သင်ပုန်းပေါ်မှာ ချရေးပါ။ ဖတ်ပါစေ။

  အချစ်မှတ်တမ်း

  ဤဇာတ်လမ်းကို

  အလွမ်းဟုသာခေါ်တွင်စေ။

  **မောင်လှမျိုး (ချင်းချောင်းခြံ)**
- ❖ ကျောင်းသားအားလုံး ကဗျာရဲ့ခေါင်းစဉ်ကို စဉ်းစားပါစေ။ ကဗျာရဲ့အာဘော်ကို ခြုံငုံမိစေသည့် ခေါင်းစဉ်တပ်ပေးရမည်ဖြစ်ကြောင်းပြောပြီး ခေါင်းစဉ်ကို စဉ်းစားပါစေ။
- ❖ ကျောင်းသားတွေပြောတဲ့ ကဗျာခေါင်းစဉ်နဲ့ ကဗျာအကြောင်းအရာဟာ လိုက်ဖက်မှု ရှိ မရှိ ဆိုတာကို ဆရာက သုံးသပ်ပြပါ။
- ❖ ကဗျာဆရာကိုယ်တိုင်ပေးထားတဲ့ ကဗျာရဲ့ မူလခေါင်းစဉ်ဟာ “အဖြေ” ဖြစ်ကြောင်း ပြောပြပြီး အကြောင်းအရာကို ခြုံငုံမိတဲ့ ခေါင်းစဉ်ဖြစ်ကြောင်း သုံးသပ်ပြပါ။

**လုပ်ငန်းစဉ် ၂**
**လေ့ကျင့်ခြင်း**

- ❖ ကျောင်းသားတွေကို အုပ်စုငယ်အသီးသီးဖွဲ့ပါ။
- ❖ ဖော်ပြထားတဲ့ သုံးကြောင်းကဗျာတွေကို လိုက်ဖက်ညီတဲ့ ခေါင်းစဉ်ပေးပါစေ။



DBE BOX - Copyright Protected

(က) ပုစွန်ကတူး
ငါးမနူးလဲ
ချစ်ဦးချက်၍ မြိန်လှသည်။
**(မောင်မြင့်ကြည်)**

(ခ) နေပူလေပူ
ရင်ပူပူမှာ
ပန်းဖြူဖြူလေး လှူလိုက်တယ်။
**(မောင်ပန်းမွှေး)**

(ဂ) အချစ်များ ပိုကာရယ်
အပြစ်များ မဆိုပါကွယ်
ချစ်မြဲချစ်တဲ့ သူပါတကယ်။
**(မအူပင်)သိန်းစိုးလေး**

❖ တစ်ဖွဲ့ရဲ့အဖြေကို ကျန်တစ်ဖွဲ့က အကဲဖြတ်ပါစေ။

❖ ခေါင်းစဉ်နှင့်လိုက်ဖက်မှု ရှိ၊ မရှိ ဆရာက ဆုံးဖြတ်ပါ။

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**သင်ကြားခြင်း**

❖ အခုစာသင်ချိန်မှာ သုံးကြောင်းကဗျာတွေရဲ့ ကာရန်စနစ်တွေအကြောင်းကို သင်ကြားပေးသွားမှာဖြစ်ကြောင်း မိတ်ဆက်ပါ။

❖ သာဓကပြ သုံးကြောင်းကဗျာရဲ့ ကာရန်စနစ်တွေကို ဆရာကရှာပြပါ။

မှိန်ချည်လင်းချည်

သူပလီသည်

ယာဆီတဲက မီးအိမ်လေး။

❖ ပဒ သုံးပဒပါကြောင်း၊ ပဒများကို "ချည် - လီ- ဆီ" ဆိုတဲ့ "အီ-ကာရန်" သုံးချက်နဲ့ချိတ်ဆက်ဖွဲ့ထားကြောင်း၊ ကာရန်စကားလုံးအနေအထားအရ ၄-၃-၂ ကာရန်ဖြစ်ကြောင်း ရှင်းပါ။



DBE BOX - Copyright Protected

**လုပ်ငန်းစဉ် ၂**
**လေ့ကျင့်ခြင်း**

❖ သင်ပုန်းပေါ်၌ သုံးကြောင်းကဗျာတချို့ကို ရေးပါ။

❖ ထိုကဗျာတွေထဲက ကာရန်နဲ့ ကာရန်စနစ်တွေကို ရှာပြပါ။

❖ နောက်ပြီးတော့ ကျောင်းသားတွေကို အုပ်စုနှစ်စုဖွဲ့ပါ။

❖ တစ်ဖွဲ့က ဖော်ပြထားတဲ့ကဗျာတွေရဲ့ ကာရန်ကို ရှာပါစေ။ ကျန်တစ်ဖွဲ့ကို ကာရန်စနစ် ရှာပါစေ။

(က) အိပ်မက်၌ပင်
စိမ်းရုပ်ဆင်သည်
သခင် မုန်းနိုင်ဘိတကား။
**(မင်းသုဝဏ်)**

(ခ) လွယ်အိတ်သခင်
ပန်းသခင်ကို
ခင်မင်တွယ်တာနေမိပြီ။
**(မောင်ပန်းမွေး)**

(ဂ) တောတောင်ရေခြား
ပြေးလေအားလည်း
တို့များ လိုက်လို့ရှာပ့ါမယ်။
**(မှိုင်း)**

❖ တစ်ဖွဲ့ရဲ့အဖြေကို ကျန်တစ်ဖွဲ့က အကဲဖြတ်ပါစေ။

---

## စာသင်ချိန် ၃

---

**လုပ်ငန်းစဉ် ၁**
**လေ့ကျင့်ခြင်း**

❖ ကျောင်းသားတွေကို အုပ်စုသုံးစုဖွဲ့ပါ။

❖ အုပ်စုတစ်စုကိုကဗျာတစ်ပုဒ်စီရဲ့ နရီစည်းဝါးတွေကို ရှာပါစေ။

DBE BOX - Copyright Protected

(က) ဆေးလိပ်လဲတို

နေလည်းညိုပြီ

ငါ့ကို ပြန်ပို့ကြပါလေ။

**(တင်မိုး)**

(ခ) ကြာတတ်တာတွေ

မကြာစေဖို့

ကြာပန်းလေးတွေ လှူလိုက်တယ်။

**(မောင်ပန်းမွှေး)**

(ဂ) ဆီမီးထွန်းကာ ဆုတောင်းပါသည်

ချစ်ရသူများ ချစ်သူများ

ကွေကွင်းခြင်းမှ ဝေးစေသား။

**တင်မော်(ခတ)**

❖ နရီစည်းချက် မှန် မမှန် ဆရာက ဆုံးဖြတ်ပါ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

❖ ကျောင်းသုံးစာအုပ်မှာပါတဲ့ လေ့ကျင့်ခန်းမေးခွန်း (၁)၊ (၂)၊ (၃) က သုံးကြောင်းကဗျာတွေကို

၁။ ခေါင်းစဉ်တပ်ပါစေ။

၂။ ကာရန်နဲ့ ကာရန်စနစ် ရှာပါစေ။

၃။ နရီစည်းဝါး ရှာပါစေ။

❖ စာသင်ချိန်မလုံလောက်ပါက အိမ်စာပေးလိုက်ပါ။

❖ အဖြေတွေကို ဆရာက စစ်ဆေးပါ။

DBEBOX - Copyright Protected

## သံချပ်

| | |
|---|---|
| **သင်ခန်းစာခေါင်းစဉ်** | **– သံချပ်** |
| **ရည်ရွယ်ချက်** | **– သံချပ်ကဗျာအကြောင်းကိုသိရှိစေရန်၊ သံချပ်ကဗျာရေးဖွဲ့တတ်ရန်** |
| **သင်ယူမှုရလဒ်** | **– သံချပ်ကဗျာ ဖွဲ့တတ်လာမည်။** |
| **သင်ကြားနည်း** | **– ပူးပေါင်းဆောင်ရွက်နည်း** |
| **သင်ထောက်ကူပစ္စည်း** | **– မလိုပါ။** |
| **သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** | **– စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်** |
| **စာသင်ချိန်** | **– ၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်** |

### စာသင်ချိန် ၁

DBE BOX Copyright Protected

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- ❖ ကျောင်းသားတွေကို အခုစာသင်ချိန်မှာ သံချပ်ကဗျာစပ်နည်း သင်ကြားပေးမဲ့အကြောင်း နိဒါန်းပျိုးပြောကြားပါ။
- ❖ သံချပ်ကဗျာကို ဘယ်သူရကြသလဲလို့ မေးပါ။
- ❖ သံချပ်ကဗျာရတဲ့ကျောင်းသားက ဆိုပြပါစေ။
- ❖ ကျန်ကျောင်းသားတွေကို လက်ခုပ်တီးပြီးစည်းချက်လိုက်ပါစေ။
- ❖ ဆရာက ဆိုပြပါ။ ကျောင်းသားများကို လက်ခုပ်တီးပြီးစည်းချက်လိုက်ပါစေ။

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း**

- ❖ "သံချပ်ဆိုတာ အတိုင်အဖောက်ညီညီ သီဆိုရတဲ့ကဗျာဖြစ်တယ်" ဆိုတာကိုရှင်းပါ။
- ❖ အဲဒီနောက် ဆရာနဲ့ ကျောင်းသား အတိုင်အဖောက် ဆိုကြည့်ကြရအောင်လို့ ပြောပါ။
- ❖ ဖော်ပြထားတဲ့ သံချပ်ကို အတိုင်အဖောက်ညီညီ ဆိုပါစေ။
  - ♦ အတိုင် - ဘုန်းတော်ကြီးလို့ သက်တော်ရှည်(ရှေ)
  - ♦ အဖောက် - တို့တစ်တွေ ရေချမ်းအိုးကြီး။
- ❖ သံချပ်ဆိုတဲ့အခါ အတိုင်အဖောက်ညီဖို့လိုကြောင်း၊ တိုင်တဲ့သူ တစ်ယောက်ကတိုင်လိုက်ရင် ပြန်သီဆိုမဲ့အဖွဲ့တွေက သံပြိုင်ဆိုကြရမှာဖြစ်ကြောင်းရှင်းပါ။

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**
**သင်ကြားခြင်း**

- ကျောင်းသားတွေကို အုပ်စုနှစ်စုဖွဲ့ပါ။
- တစ်ဖွဲ့ကို အတိုင်၊ တစ်ဖွဲ့ကို အဖောက်လို့သတ်မှတ်ပြီး ဟန်ပါပါသီဆိုတတ်အောင် သင်ကြားပါ။
- ကျောင်းသားတွေသံချပ်ထိုးနေတဲ့အခါ ဆရာက အမူအရာ၊ ဟန်ပန်တွေကို လေ့လာအကဲခတ်ကြည့်ရှုပါ။
    - ♦ အတိုင် -ဖန်` ပြာခွက်နဲ့ ကျောက်` စက်ရေ
    - ♦ အဖောက်- အ` မောပြေအောင် တိုက်` ပါ့ မမ။
- သံချပ်ထိုးတဲ့အခါ " ` " နေရာတွေကျရင် လက်ခုပ်တီးပြီး နရီစည်းချက်လိုက်ပေးပါ။

**လုပ်ငန်းစဉ် ၂**
**လေ့ကျင့်ခြင်း**

- ကျောင်းသားတွေကို သံချပ်ထိုးရင်း နရီစည်းချက်တွေရှာတတ်ဖို့ သင်ကြားပေးမည်ဖြစ်ကြောင်း မိတ်ဆက်ပါ။
- ကျောင်းသားတွေကို အုပ်စုနှစ်စုဖွဲ့ပါ။
- ဖော်ပြထားတဲ့ သံချပ်တွေကို သင်ပုန်းပေါ်မှာ ရေးပါ။
    - ♦ အတိုင် - အကျီပါးနဲ့ ဗိုက်ခေါက်ထူ
    - ♦ အဖောက် - အီးတဘူဘူ ပေါက်တဲ့မိန်းမ။
    - ♦ အတိုင် - မျက်မှန်နက်နဲ့ ဘောင်းဘီတို
    - ♦ အဖောက် - မျောက်စုတ်လိုလို ရှိုးကအပြည့်။
- ပထမအဆင့်အနေနဲ့ သံချပ်ထိုးကြပါစေ။
- သံချပ်ထိုးပြီးတဲ့နောက်မှာ ကျောင်းသားအားလုံးကို ကာရန်ရှာပါစေ။
- ကာရန်ရှာပြီးနောက်မှာ လက်ခုပ်တီးပြီး နရီစည်းချက်ကို ရှာကြပါစေ။
- တစ်ဖွဲ့နဲ့တစ်ဖွဲ့ အပြန်အလှန် အကဲဖြတ်စစ်ဆေးပါစေ။

DREBOX - Copyright Protected

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**
**လေ့ကျင့်ခြင်း**

❖ ကျောင်းသားတွေကို အုပ်စု လေးစုဖွဲ့ပေးပါ။ နှစ်ဖွဲ့တစ်တွဲ သံချပ်ထိုးပါစေ။

❖ တစ်ဖွဲ့က သံချပ်ထိုးနေချိန် ကျန်တစ်ဖွဲ့က လေ့လာအကဲခတ်ပါ။

❖ ကျောင်းသုံးစာအုပ်ထဲက သံချပ်ကဗျာကို သင်ပုန်းပေါ်မှာ ရေးပါ။

(က) မိုးလားကွဲ့ မောင်တို့မောင်တို့။ လေလားကွဲ့ မောင်တို့ မောင်တို့။ (သံချပ်အချီ)

| အတိုင် | အဖောက် |
|---|---|
| (ခ) ဘုန်းတော်ထွန်းလို့ လေးကျွန်းသာ | ရွှေမြို့အောင်ချာ နတ်ရွာအလား။ |
| (ဂ) ဖန်ပြာခွက်နဲ့ ကျောက်စက်ရေ | အမောပြေအောင် တိုက်ပါ့မမ။ |
| (ဃ) အိုးစည်သားများ ကျက်သရေ | ကမ္ဘာသင်္ချေ ပြောလို့မဆုံး။ |
| (င) ရွှေလက်ခုပ် အုပ်ကာတီး | ပျောသီးမှည့်မှည့် စားရအောင်။ |
| (စ) တေဇာဝေဖြာ ကြေညာကျော် | မိုးပေါ်ဘိုးတော် မ တဲ့ ရပ်သား။ |

(ဆ) ဟေးလား မောင်တို့ ဝါး။ (သံချပ်အချ)

❖ ကျောင်းသားအားလုံးကို သံချပ်ရဲ့ ကာရန်ယူပုံစနစ်ကို ရှာကြပါစေ။

❖ အဖြေ မှန် မမှန်ကို ဆရာက စစ်ဆေးပါ။

**လုပ်ငန်းစဉ် ၂**
**လေ့ကျင့်ခြင်း**

❖ ကျောင်းသားအားလုံးကို မှတ်စုစာအုပ်မှာ ကျောင်းသန့်ရှင်းရေး လုပ်အားပေးပွဲအတွက် သံချပ် ၁၀ ကြောင်း ရေးစပ်ပါစေ။

❖ ကျောင်းသားတစ်ဦးချင်းစီက ကိုယ်ရေးထားတဲ့သံချပ်ကို ကိုယ်တိုင်သံချပ်ထိုးပြီး ဆိုပြပါစေ။

DBE BOX - Copyright Protected

## လေးလုံးစပ်လင်္ကာ

| | |
|---|---|
| **သင်ခန်းစာခေါင်းစဉ်** | **– လေးလုံးစပ်လင်္ကာ** |
| **ရည်ရွယ်ချက်** | **– လေးလုံးစပ်လင်္ကာအကြောင်းကို သိရှိစေရန်၊ လေးလုံးစပ်လင်္ကာစပ်တတ်ရန်** |
| **သင်ယူမှုရလဒ်** | **– လေးလုံးစပ်လင်္ကာစပ်တတ်လာမည်။** |
| **သင်ကြားနည်း** | **– ဆွေးနွေးအဖြေရှာနည်း** |
| **သင်ထောက်ကူပစ္စည်း** | **– စာကတ်ပြားများ** |
| **သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** | **– စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်** |
| **စာသင်ချိန်** | **– ၁ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်** |

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**
**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

❖ အခုစာသင်ချိန်မှာ လင်္ကာအကြောင်းကိုရှင်းပြမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ "လင်္ကာဆိုတာ မိမိပြောချင်တဲ့အကြောင်းအရာကို လေးလုံးတစ်ပဒ ကာရန်နဲ့ချိတ်ဆက်ပြီး ဖွဲ့တဲ့ အဖွဲ့မျိုးဖြစ်တယ်"ဆိုတာ ရှင်းပါ။

❖ နမူနာပြကဗျာကို သင်ပုန်းပေါ်မှာရေးပါ။

ရွှေအိမ်နန်းနှင့်
ကြငှန်းလည်းခံ
မတ်ပေါင်းရံလျက်
ပျော်စံရိပ်ငြိမ်
စည်းစိမ်မကွာ
မင်းချမ်းသာကား

DBE BOX - Copyright Protected

သမုဒ္ဒရာ

ရေမျက်နှာထက်

ခဏာတက်သည့်

ရေပွက်ပမာ

တစ်သက်လျာတည်း။

❖ ကဗျာမှာ စကားလုံးလေးလုံးကို တစ်ပဒ ထားကြောင်းပြောပြပြီး ပဒ ဘယ်လောက်ပါကြောင်း ရေတွက်ပါစေ။

❖ ကာရန်စနစ်ကို ရှာပြပါ။

❖ ရှေ့မှာရှာခဲ့တဲ့ ကာရန်စနစ်တွေနဲ့ အတူတူပဲဆိုတာ ရှင်းပါ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

❖ ကျောင်းသားတွေကို အုပ်စုငယ်အသီးသီးဖွဲ့ပါ။

❖ နမူနာပြကဗျာကို သင်ပုန်းပေါ်မှာ ရေးပါ။

ဘုရားဖြစ်ခါ

မိဂဒါသို့

စကြာရွေ့ဖွား

ဖြန့်ချီသွား၍

ငါးပါးဝဂ္ဂီ

စုံအညီနှင့်

မဟီတစ်သောင်း

တိုက်အပေါင်းမှ

ခညောင်းကပ်လာ

နတ်ပြဟ္မာအား

ဝါဆိုလပြည့်

DBE BOX - Copyright Protected

စနေနေ့ဝယ်

ကြွေ့ကြွေ့လျှံတက်

ဓမ္မစက်ကို

မိန့်မြွက်ထွေပြား

ဟောဖော်ကြားသည်

တရားနတ်စည် ရွှမ်းတယ်ကို။

❖ အဖွဲ့တိုင်းကို ပဒအရေအတွက်၊ ကာရန်နဲ့ နရီစည်းချက်တွေကို ရှာပါစေ။

❖ တစ်ဖွဲ့၏အဖြေကို ကျန်တစ်ဖွဲ့က စစ်ဆေးပါစေ။

❖ လင်္ကာမှာ ပဒ အနည်းနဲ့ အများ ကွာခြားကြောင်း ကဗျာနှစ်ပုဒ်ကို ယှဉ်ပြပါ။

❖ လုံးရေအနေနဲ့ လေးလုံးတစ်ပဒသာ ဖြစ်ရမှာဖြစ်ကြောင်းရှင်းပါ။

❖ ကဗျာနှစ်ပုဒ်ရဲ့ နရီတွေက ထူးထူးခြားခြား မကွာခြားလှကြောင်းရှင်းပါ။

❖ ကာရန်ရှာထားတဲ့ နေရာတွေကို ကြည့်စေပြီး ကာရန်စနစ်တွေကို ဖော်ထုတ်ပါစေ။

❖ လေးလုံးစပ်လင်္ကာတွေမှာ ၄ -၃ -၂၊ ၄ -၃- ၁ ကာရန်စနစ်တွေ အများဆုံး အသုံးပြုကြောင်း ရှင်းပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ နှစ်သက်ရာလင်္ကာတစ်ပုဒ်ကို သင်ပုန်းပေါ်မှာ ရေးပေးပြီး ပဒ၊ ကာရန်၊ ကာရန်စနစ်တွေကို ရှာပါ။

DBE BOX - Copyright Protected

## အချိုးကဗျာနိဒါန်း

| | | |
|---|---|---|
| **သင်ခန်းစာခေါင်းစဉ်** | – | **အချိုးကဗျာနိဒါန်း** |
| **ရည်ရွယ်ချက်** | – | **အချိုးကဗျာများအကြောင်းကို သိရှိစေရန်**<br>**အချိုးကဗျာများရေးတတ်စေရန်** |
| **သင်ယူမှုရလဒ်** | – | **အချိုးကဗျာများရေးတတ်လာမည်။** |
| **သင်ကြားနည်း** | – | **ဆွေးနွေးမေးမြန်းနည်း** |
| **သင်ထောက်ကူပစ္စည်း** | – | **အချိုးကဗျာရေးမှတ်ထားသည့် စာကတ်ပြားများ** |
| **သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** | – | **စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၁ ခု ပြုလုပ်ရန်** |
| **စာသင်ချိန်** | – | **၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်** |

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**
**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

❖ အခုစာသင်ချိန်မှာ အချိုးကဗျာတွေအကြောင်းကို သင်ကြားပေးမှာဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ အချိုးကဗျာမှာ ဒွေးချိုး၊ တြိချိုး၊ လေးချိုးဆိုပြီးရှိကြောင်း၊ အချိုးတွေမှာ အခံချိုးနဲ့ အအုပ်ချိုးတို့ ပါဝင်ကြောင်းရှင်းပါ။

❖ အခံတစ်ချိုး အအုပ်တစ်ချိုးပါတဲ့ အချိုးကဗျာဟာ ဒွေးချိုးဖြစ်ကြောင်း၊ အခံတစ်ချိုး၊ အအုပ်နှစ်ချိုး ဒါမှမဟုတ် အခံနှစ်ချိုး၊ အအုပ်တစ်ချိုးပါတဲ့ အချိုးကဗျာကို တြိချိုးလို့ခေါ်ကြောင်း၊ အခံနှစ်ချိုး အအုပ်နှစ်ချိုးပါတဲ့ ကဗျာကိုကျတော့ လေးချိုးလို့ခေါ်ကြောင်း စာကတ်ပြားများနဲ့ သာဓကပြရှင်းပါ။

(အခံ အအုပ်၏သဘောကို ကျောင်းသုံးစာအုပ်ပါ ပညာရှိနှစ်ဦးနှင့် မိဖုရားကြီးတို့အကြောင်း ဖြင့် စိတ်ဝင်စားဖွယ်ဖြစ်အောင် ရှင်းပါ။)

❖ အခံ၊ အအုပ်၏သဘောမှာ သံချပ်ကဗျာ၌ဆိုခဲ့ကြသည့် အတိုင်အဖောက်နှင့် သဘောတရား အတူတူပင်ဖြစ်ကြောင်း နှိုင်းယှဉ်ပြပါ။

DBE BOX - Copyright Protected

## စာသင်ချိန် ၂

### သင်ကြားခြင်း

### လုပ်ငန်းစဉ် ၁

❖ သင်ပုန်းပေါ်မှာ ဖော်ပြထားတဲ့ ကဗျာကို ရေးပါ။

ပဲကလေး ဆိမ့်လိုက်တာ၊
ရသာကထူး။ (အခံပိုဒ်)
ညအခါ
လသာသာ မေသုံးတော့၊
လေပုန်းက မြူး။ (အအုပ်ပိုဒ်)

❖ အဲဒီကဗျာဟာ ဒွေးချိုးကဗျာဖြစ်တဲ့အကြောင်း ရှင်းပြပါ။ ဒီကဗျာမှာ

အခံပိုဒ် - ၁ ပိုဒ်
အအုပ်ပိုဒ် - ၁ ပိုဒ်

ပဒ အခံပိုဒ်မှာ စာကြောင်း ၂ ကြောင်းရှိလို့ ၂ ပဒ

အအုပ်ပိုဒ်မှာစာကြောင်း ၃ ကြောင်းရှိလို့ ၃ ပဒ

စာလုံးရေကိုကြည့်ရင် အခံပိုဒ် ပထမစာကြောင်းမှာ ၆ လုံး၊ ဒုတိယစာကြောင်းမှာ ၄ လုံး

အအုပ်ပိုဒ် ပထမစာကြောင်းမှာ ၃ လုံး၊ ဒုတိယစာကြောင်းမှာ ၆ လုံး၊ တတိယစာကြောင်းမှာ ၄ လုံး

ကာရန်တွေကိုကြည့်ရင် အခံပိုဒ်မှာ - ၆--၂ 'အာ' ကာရန်
အအုပ်ပိုဒ်မှာ - ၃--၂ 'အာ' ကာရန်
၅--၂ 'အုန်း' ကာရန်

အချိုးကာရန်တွေကိုကြည့်ရင် အခံအအုပ် - ထူး--မြူး 'အူး' ကာရန်

ဖြစ်ကြောင်းရှင်းပါ။

DBE BOA - Copyright Protected

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**လေ့ကျင့်ခြင်း**

❖ သင်ပုန်းပေါ်မှာ ဖော်ပြထားတဲ့ ကဗျာကိုရေးပါ။

ချိုးနှစ်ကောင်
ထနောင်းပင် ညီနောင်က
လွမ်းအောင်ကူချွဲ။
ပန်းတော်ဖြူ
ပင်မြက်နေစာထူလှ
ဖိုးတောင်သူတဲ။

❖ ကျောင်းသားတွေကို အုပ်စုငယ်အသီးသီးဖွဲ့ပါ။

❖ အုပ်စုတွင်း အချင်းချင်းဆွေးနွေးစေပြီး အခံပိုဒ်၊ အအုပ်ပိုဒ်၊ ပဒ အရေအတွက်၊ ပဒတစ်ခုချင်းစီရဲ့ စာလုံးအရေအတွက်တွေကို ရှာပါစေ။

❖ အုပ်စုတစ်စုရဲ့အဖြေကို ကျန်အုပ်စုက အကဲဖြတ်ပါစေ။

❖ ကျောင်းသားတစ်ဦးချင်းစီကို ဖော်ပြထားတဲ့ အချိုးကဗျာများရဲ့ အခံပိုဒ်၊ အအုပ်ပိုဒ်၊ ပဒ အရေအတွက်၊ ပဒတစ်ခုချင်းစီရဲ့ စာလုံးအရေအတွက်တွေကို ရှာပါစေ။

(၁) အသားရယ်ဖြူ
လူပေမို့လား။
အသားတော် ညိုပြာညက်
နန်းတော်ထက်ဖွား။

(၂) ချစ်ချင်းငယ်ပြိုင်
မြစ်မင်းပိုင် အဏ္ဏဝါနှင့်
ပြန်တစ်ရာကဲ။

(၃) ယွင်းစေမသုန်
ငွေဝန်းသော်တာယုန်သို့
ကမ္ဘာကုန်ကျယ်သရွေ့
ဘယ်မေ့လိမ့်လဲ။

❖ အဖြေ မှန် မမှန်ကို ဆရာက စစ်ဆေးပါ။



DBE BOX_Copyright Protected

## အသံအရှီအရှ

| | |
|---|---|
| **သင်ခန်းစာခေါင်းစဉ်** | **– အသံအရှီအရှ** |
| **ရည်ရွယ်ချက်** | **– အသံအနိမ့်အမြင့် အတက်အကျသဘောကို သိရှိစေရန်** |
| **သင်ယူမှုရလဒ်** | **– အသံအနိမ့်အမြင့် အတက်အကျသဘောကိုသိရှိလာမည်။** |
| **သင်ကြားနည်း** | **– လက်တွေ့လေ့ကျင့်နည်း** |
| **သင်ထောက်ကူပစ္စည်း** | **– အသံအရှီအရှ ဇယားကွက်စာရွက်** |
| **သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** | **– စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၁ ခု ပြုလုပ်ရန်** |
| **စာသင်ချိန်** | **– ၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်** |

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

❖ အခုစာသင်ချိန်မှာ ကဗျာမှာရှိတဲ့ ရှီသံ၊ ရှသံတွေအကြောင်းကို သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ အချိုးကဗျာတွေမှာ ရှီသံ၊ ရှသံတွေကို အံဝင်ခွင်ကျ ရေးစပ်ရကြောင်း၊ ဒါကြောင့် ရှီသံ၊ ရှသံတွေရဲ့အကြောင်းကို သိရှိနားလည်ထားဖို့လိုအပ်ကြောင်း နိဒါန်းပျိုးပါ။

❖ အာ အ/အ့ အား အတ် ဆိုတဲ့ အသံတွေကိုဆိုပြပါ။ သင်ပုန်းပေါ်မှာလဲ အဲဒီအသံတွေကို ချရေးပါ။

❖ ကျောင်းသားအားလုံးကို သင်ပုန်းပေါ်က စကားလုံးတွေကြည့်ပြီး အသံထွက် ရွတ်ဆိုကြည့်ပါစေ။ သုံးခေါက်လောက် ရွတ်ဆိုကြည့်ပါစေ။

❖ တစ်သံနှင့်တစ်သံ အသံကြားရပုံချင်း၊ အသံထွက်ပုံချင်း တူ၊ မတူ မေးပါ။

❖ မတူကြောင်း ရှင်းပြပါ။ အသံမတူသလို အဓိပ္ပာယ်လဲမတူကြောင်းကို သာဓကနှင့်တကွ ရှင်းပါ။

| | | |
|---|---|---|
| အာ | = | အာခေါင်၊ ကျီးအာ |
| အ | = | ဆွံ့အ |



DBE BOX - Copyright Protected

အား = စွမ်းအား၊ ခွန်အား

အပ် = စက်ချုပ်အပ်၊ ပင်အပ်

❖ "အသံထွက်တွေကွာတာ ဘာကြောင့်လို့ ထင်လဲ"လို့ မေးခွန်းမေးပါ။

(အသံတွေရဲ့ "အနိမ့်အမြင့်"၊ "အတက်အကျ" မတူလို့ကွာခြားသွားတဲ့အကြောင်း အဖြေရအောင် ဆရာက ဦးဆောင်ဆွေးနွေးပါ။)

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ ကျောင်းသားတွေကို ဇယားကွက်ထဲက အသံတွေကို ရွတ်ပါစေ။

| ပကတိသံ/ချီသံ | အောက်မြစ်သံ/သက်သံ | နိမ့်သံ/ကျသံ |
|---|---|---|
| အာ | အ/အ့ာ/အတ် | အား |
| အီ | အိ | အီး |
| အူ | အု | အူး |
| အေ | အေ့ | အေး |
| အယ် | အယ့်/အဲ့ | အဲ |
| အော် | အော့ | အော |
| အန် | အန့် | အန်း |
| အို | အို့ | အိုး |
| အင် | အင့် | အင်း |

DBE BOX - Copyright Protected

❖ ပကတိသံတွေကို ရွတ်ပါစေ။ ၃ ကြိမ်လောက်ရွတ်ပါစေ။

❖ အဲဒီ ပကတိသံတွေကို ကဗျာမှာ ချီသံလို့ခေါ်ကြောင်း၊ ပကတိသံဆိုတာ ဝစ္စပေါက်၊ အောက်မြစ် မပါတဲ့အသံတွေကို ဆိုလိုကြောင်းရှင်းပါ။

❖ အောက်မြစ်သံများကို ရွတ်ပါစေ။ ၃ ကြိမ်လောက်ရွတ်ပါစေ။

❖ အဲဒီ အောက်မြစ်သံတွေကို ကဗျာမှာ သက်သံလို့ခေါ်ကြောင်း၊ သက်သံဆိုတာက အောက်ကမြစ် ပါတဲ့အသံတွေကို ဆိုလိုကြောင်းရှင်းပါ။

❖ နိမ့်သံတွေကို ရွတ်ပါစေ။ ၃ ကြိမ်လောက်ရွတ်ပါစေ။

❖ အဲဒီ နိမ့်သံတွေကို ကဗျာတွေမှာ ကျသံလို့ခေါ်ကြောင်း၊ ကျသံဆိုတာ ဝစ္စပေါက်ပါတဲ့ အသံတွေကို ဆိုလိုကြောင်း၊ ချသံလို့လဲခေါ်ကြောင်းရှင်းပါ။

❖ တချို့ကဗျာတွေမှာ ချီသံနဲ့ ချသံတွေကို ဂရုတစိုက် ဖွဲ့ဆိုတတ်ကြောင်းကို သာဓကနဲ့တကွရှင်းပါ။

| | | |
|---|---|---|
| အေးရိပ်သာတဲ့ ပညောင်ညို | ( 'အို' ကာရန် - | အချီသံ) |
| ဥသြတွန်သံချို။ | | |
| တိုးလျှိုစီးတဲ့ နဒီတွင်း | ( 'အင်း' ကာရန် - | အချသံ) |
| သမင်ရေသောက်ဆင်း။ | | |
| မြက်ခင်းလဲ့လဲ့ မြေညီညီ | ( 'အီ' ကာရန် - | အချီသံ) |
| ကံ့ကော်ဝတ်မှုန်စီ။ | | |
| ဇာလီပျော်တဲ့ ကျောင်းသခ်မ်း | ( 'အမ်း' ကာရန် - | အချသံ) |
| လူလေးသွားချင်စမ်း။ | | **အချီအချ တစ်လှည့်စီ** |

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**လေ့ကျင့်ခြင်း**

❖ အသင့်ရေးမှတ်ထားတဲ့ အချိုးကဗျာစာကတ်တွေကို ဝေငှပါ။
❖ အချိုးကဗျာများရဲ့ ချီသံ၊ ချသံတွေကို ရှာပါစေ။
❖ ဘယ်လိုကာရန်မျိုးဖြစ်တဲ့အကြောင်း ပြောပါစေ။
❖ အဖြေကို တစ်ဦးချင်းထပြီး ပြောပါစေ။
❖ ကျောင်းသားများကို မူလတန်း အလယ်တန်းတို့၌ သင်ကြားခဲ့ဖူးသည့် အချိုးကဗျာများအား ချရေးပါစေ။
❖ ထိုအချိုးကဗျာတွေရဲ့ အမျိုးအစားကိုဖော်ပြပါစေ။
❖ အခံချိုး၊ အအုပ်ချိုး၊ အချိုးသတ်ကာရန်များကို ရှာကြည့်ပါစေ။
❖ အဖြေကို ဆရာက စစ်ဆေးပါ။

TELEBOX - Copyright Protected

## ပြန်လှန်လေ့ကျင့်ခန်း

**သင်ခန်းစာခေါင်းစဉ်** – **ပြန်လှန်လေ့ကျင့်ခန်း**

**ရည်ရွယ်ချက်** – **ကျောင်းသား၏တတ်မြောက်ကျွမ်းကျင်မှုကို သိရှိစေရန်**

**သင်ယူမှုရလဒ်** – **သင်ကြားမှု ပေါက်မြောက်၊ မမြောက်သိရှိလာမည်။**

**သင်ကြားနည်း** – **လက်တွေ့လေ့ကျင့်ခြင်း**

**သင်ထောက်ကူပစ္စည်း** – **မလိုပါ။**

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** – **စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်**

**စာသင်ချိန်** – **၂ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်**

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**
**ရှင်းပြခြင်း၊ နိဒါန်းပျိုးခြင်း**

❖ ကဗျာရေးချင်တဲ့သူတွေဟာ ဝမ်းစာပြည့်ဖို့လိုကြောင်း၊ ဝမ်းစာပြည့်အောင် ကဗျာ၊ စာတွေကို များများဖတ်၊ များများမှတ်ဖို့လိုကြောင်းပြောပါ။

❖ ကဗျာကို အလွယ်တကူစပ်နိုင်အောင် ကဗျာစပ်နည်းအခြေခံတွေကို များများလေ့ကျင့်ထားဖို့ လိုကြောင်းရှင်းပါ။

❖ "အခုစာသင်ချိန်မှာ သင်ပြီးခဲ့တဲ့ သင်ခန်းစာတွေကို ပြန်ပြီးလေ့ကျင့်ကြရမယ်" လို့ နိဒါန်းပျိုးပါ။

**လုပ်ငန်းစဉ် ၂**
**လေ့ကျင့်ခြင်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၁) ကို ကျောင်းသားများအား လေ့ကျင့်ပါစေ။

❖ အချင်းချင်း စာအုပ်လဲလှယ်ပြီး အဖြေကို အကဲဖြတ်ပါစေ။

❖ ကျောင်းသားအချင်းချင်း အကဲဖြတ်ပြီးပါက ဆရာအနေနှင့်အဖြေမှန်ကိုရှင်းပြပြီး သင်ပုန်းပေါ်၌ ရေးပါ။

❖ သင်ပုန်းကအဖြေကိုကြည့်ပြီး အဖြေ မှန်၊ မမှန် ကိုယ်တိုင် တိုက်ဆိုင်စစ်ဆေးကြပါစေ။

DBE BOX _ Copyright Protected

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**လေ့ကျင့်ခြင်း**

- ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၂)၊ (၃) ကို ကျောင်းသားများအားလေ့ကျင့်ပါစေ။
- အချင်းချင်း စာအုပ်လဲလှယ်၍ အဖြေကို အကဲဖြတ်ပါစေ။
- ကျောင်းသားအချင်းချင်း အကဲဖြတ်ပြီးပါက ဆရာအနေနှင့် အဖြေမှန်ကိုရှင်းပြ၍ သင်ပုန်းပေါ်၌ ရေးပါ။
- သင်ပုန်းပေါ်မှအဖြေကိုကြည့်၍ မိမိအဖြေ မှန်၊ မမှန် ကိုယ်တိုင် တိုက်ဆိုင်စစ်ဆေးပါစေ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

- ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၄) ကို ကျောင်းသားများအားလေ့ကျင့်ပါစေ။
- အချင်းချင်း စာအုပ်လဲလှယ်ပြီး အဖြေကို အကဲဖြတ်ပါစေ။
- ကျောင်းသားအချင်းချင်း အကဲဖြတ်ပြီးပါက ဆရာအနေနဲ့ အဖြေမှန်ကိုရှင်းပြပြီး သင်ပုန်းပေါ်မှာ ရေးပါ။
- သင်ပုန်းပေါ်ကအဖြေကိုကြည့်ပြီး မိမိအဖြေ မှန်၊ မမှန် ကိုယ်တိုင် တိုက်ဆိုင်စစ်ဆေးပါစေ။

DBE BOX - Copyright Protected

## လေးလုံးစပ်လင်္ကာ

**သင်ခန်းစာခေါင်းစဉ်** – **လေးလုံးစပ်လင်္ကာ**

**ရည်ရွယ်ချက်** – **လေးလုံးစပ်လင်္ကာ၏ သဘောသဘာဝများကို သိရှိစေရန်၊ လေးလုံးစပ်လင်္ကာကို လေ့လာတတ်စေရန်**

**သင်ယူမှုရလဒ်** – **လေးလုံးစပ်လင်္ကာကို လေ့လာတတ်လာမည်။**

**သင်ကြားနည်း** – **အမေးအဖြေနည်း၊ ဆွေးနွေးမေးမြန်းနည်း၊ ပူးပေါင်းပါဝင်သင်ကြားနည်း**

**သင်ထောက်ကူပစ္စည်း** – **ကာရန်စနစ်များကိုရေးမှတ်ထားသည့် စာကတ်ပြားများ**

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** – **စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်**

**စာသင်ချိန်** – **၂ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်**

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

❖ "လေးလုံးစပ်လင်္ကာဆိုတာဘာလဲ"လို့မေးပါ။ (ကဗျာဖွဲ့နည်းသင်ခန်းစာတွင် သင်ကြားပြီးဖြစ်သည်။)

❖ အခုစာသင်ချိန်မှာ လေးလုံးစပ်လင်္ကာတစ်ပုဒ်ကို ဘယ်လိုလေ့လာကြည့်ရမယ်ဆိုတာကို သင်ကြားပေးသွားမှာဖြစ်ကြောင်းနိဒါန်းပျိုးပါ။

❖ "လေးလုံးစပ်လင်္ကာစပ်နည်းဟာ သံပေါက်စပ်နည်းနဲ့ အတူတူပဲဖြစ်တယ်" ဆိုတာရှင်းပါ။

❖ သံပေါက်စပ်နည်းကို မေးမြန်းကြည့်ပါ။ (ကဗျာဖွဲ့နည်းသင်ခန်းစာမှာ သင်ကြားပြီးဖြစ်တယ်။)

❖ လေးလုံးစပ်လင်္ကာစပ်နည်းမှာ အသုံးပြုလေ့ရှိတဲ့ ကာရန်စနစ်များကို သင်ကြားပါ။

ကာရန်စနစ်တွေကတော့ (၄-၃-၂)၊ (၄-၃-၁)၊ (၄-၁)၊ (၄-၂)၊ (၃-၁)၊ (၃-၂) စနစ်တွေဖြစ်ပေမဲ့ (၄-၃-၂) စပ်နည်းဟာ အခြေခံဖြစ်တယ်ဆိုတာကို စာဖတ်ကတ်ပြားရဲ့အကူအညီဖြင့် ရှင်းပါ။

DPE BOX - Copyright Protected

**နမူနာပြစာကတ်ပြားများ**

| | |
|---|---|
| ၄-၃-၂ | "ဘယ်တောဘယ်မြိုင်<br>မသိနိုင်ခဲ့<br>မခိုင်စိတ်ဝမ်း" |
| ၄-၃-၁ | "ကဗျာမြိုင်တွင်<br>ပန်းလွင်လွင်ကို<br>သင်ခူးလိုက" |
| ၄-၁ | "ပထမရွှယ်<br>ငယ်သော်ကတည့်" |
| ၄-၂ | "တသန္တေမေ<br>တပေလျဉ်းလျဉ်း<br>တညှဉ်းဆိုးဆိုး<br>တညှိုးလျလျ" |
| ၃-၁ | "ခုနစ်ထွေလျှင်<br>ရေနှင့်တောင်ထပ်" |
| ၃- ၂ | "အောင်ချာမည်သား<br>ရွှေပြည်ဦးစွန်း" |

DBE BOX - Copyright Protected

❖ လင်္ကာရဲ့ အဆုံးသတ်အချပိုဒ်တွေကို ၄ လုံးနဲ့ ဖြစ်စေ၊ ၇ လုံးနဲ့ ဖြစ်စေ ချနိုင်ကြောင်းရှင်းပါ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

❖ ကျောင်းသုံးစာအုပ်မှာပါတဲ့ လင်္ကာတွေရဲ့ ကာရန်စနစ်၊ အချပိုဒ် ပဒ အရေအတွက်ရှာပါစေ။

❖ အဖြေ မှန်၊ မမှန်ကို စာအုပ်ချင်းလဲလှယ်ပြီး အကဲဖြတ်ပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန် စစ်ဆေးပါ။

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**လေ့ကျင့်ခြင်း**

❖ ကျောင်းသုံးစာအုပ်မှာပါတဲ့ လေ့ကျင့်ခန်းမေးခွန်း (၁) ကို ဗလာစာအုပ်ထဲမှာ အလွတ်ဖြေကြပါစေ။ အချိန် ၁၀ မိနစ်ပေးပါ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

❖ ကျောင်းသားတွေကိုအုပ်စု ၄ စု ဖွဲ့ပါ။

❖ အုပ်စုတစ်စုကို လေ့ကျင့်ခန်းမေးခွန်း (၂)၊ အုပ်စုတစ်စုကို လေ့ကျင့်ခန်းမေးခွန်း (၃)၊ အုပ်စုတစ်စုကို လေ့ကျင့်ခန်းမေးခွန်း (၄)၊ အုပ်စုတစ်စုကို လေ့ကျင့်ခန်းမေးခွန်း (၅) တို့ကို ဖြေပါစေ။

❖ အုပ်စုအချင်းချင်း အဖြေကို အပြန်အလှန်စစ်ဆေးပါစေ။

❖ အုပ်စုအားလုံးရဲ့အဖြေကို ဆရာက စစ်ဆေးပါ။

DBE BOX - Copyright Protected

# ရတု

| | |
|---|---|
| **သင်ခန်းစာခေါင်းစဉ်** | **– ရတု** |
| **ရည်ရွယ်ချက်** | **– ရတု၏သဘောသဘာဝများကို သိရှိစေရန်၊ ရတုကို လေ့လာတတ်စေရန်** |
| **သင်ယူမှုရလဒ်** | **– ရတုတစ်ပုဒ်ကို လေ့လာတတ်လာမည်။** |
| **သင်ကြားနည်း** | **– အမေးအဖြေနည်း၊ ဆွေးနွေးမေးမြန်းနည်း၊ ပူးပေါင်းပါဝင်သင်ကြားနည်း** |
| **သင်ထောက်ကူပစ္စည်း** | **– ကာရန်စနစ်များကိုရေးမှတ်ထားသည့် စာကတ်ပြားများ** |
| **သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** | **– စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်** |
| **စာသင်ချိန်** | **– ၂ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်** |

## စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**
**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

❖ အခုစာသင်ချိန်မှာ ရတုရဲ့သဘောသဘာဝနဲ့ ရတုကိုဘယ်လိုလေ့လာရမလဲဆိုတာကို သင်ကြားပေးသွားမှာဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ "ရတုဆိုတာ လေးလုံးစပ်လင်္ကာသွားနဲ့ ရေးထားရတဲ့ကဗျာဖြစ်တယ်"ဆိုတာ ရှင်းပါ။

❖ ရတုဆိုတဲ့စကားလုံးရဲ့ ဝေါဟာရကို ရှင်းပါ။

❖ "ရတုဆိုတဲ့ဝေါဟာရကို တချို့က သဘင်၊ အခမ်းအနား၊ အခြေအနေဆိုပြီး အနက်ဖွင့်သလို တချို့ကလည်း သက္ကတဘာသာ 'ရိတု' က ဆင်းသက်လာပြီး ရတုဖြစ်လာတယ်လို့ အနက်ဖွင့်ကြတယ်။ အခါရာသီလို့ အဓိပ္ပာယ်ရကြောင်းဖွင့်ဆိုကြတယ်" ဆိုတာကို ရှင်းပါ။

❖ ရတုအမျိုးအစား သုံးမျိုးရှိတဲ့အကြောင်း ရှင်းပြပါ။ ရတုကို သုံးပိုဒ်ဖွဲ့ရပေမဲ့ တစ်ပိုဒ်တည်းလဲဖွဲ့နိုင်တယ်၊ နှစ်ပိုဒ်လဲဖွဲ့နိုင်တယ်ဆိုတာကို ရှင်းပါ။
(၁) တစ်ပိုဒ်ဖွဲ့ရင် ဧကပိုဒ်ရတု
(၂) နှစ်ပိုဒ်ဖွဲ့ရင် အဖြည့်ခံရတု
(၃) သုံးပိုဒ်ဖွဲ့ရင် ပိုဒ်စုံရတု
လို့ခေါ်ကြောင်း ရှင်းပါ။

DBE BOX - Copyright Protected

**လုပ်ငန်းစဉ် ၂**
**ရှင်းပြခြင်း**

❖ ကျောင်းသားတွေကို ရတုအမျိုးအစား သုံးမျိုးအကြောင်းကို ပြန်မေးပါ။
❖ ရတုအမျိုးအစားတစ်ခုချင်းစီအကြောင်းကို အသေးစိတ်ရှင်းပါ။
❖ "ဧကပိုဒ်ရတုဆိုတာ တစ်ပိုဒ်တည်းသာ ရေးစပ်ထားတဲ့ရတုကိုခေါ်တယ်။ စပ်နည်းကတော့ လင်္ကာစပ်နည်းအတိုင်းဖြစ်ပြီး ရတုချရာမှာ ခုနစ်လုံးချနည်းကိုအသုံးများတယ်" လို့ ရှင်းပါ။
❖ "အဖြည့်ခံရတုဆိုတာကတော့ စာဆိုတစ်ဦးက ရတုနှစ်ပိုဒ်ကိုသာ ရေးဖွဲ့ထားပြီး နောက်လူတို့ ဖြည့်လိုရင် ဖြည့်စေရန် တတိယပိုဒ်ကို အဖြည့်ခံဖို့ ကွက်လပ်ချန်ခဲ့တဲ့ ရတုမျိုးဖြစ်တယ်။ စာဆိုအချင်းချင်း ဉာဏ်ကစားသော ရတု၊ စိန်ခေါ်တဲ့ရတုလို့ ဆိုနိုင်တယ်" လို့ ရှင်းပါ။
❖ "ပိုဒ်စုံရတုဆိုတာ သုံးပိုဒ်ရေးဖွဲ့ထားတဲ့ရတုကို ခေါ်တယ်"လို့ ရှင်းပါ။

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**
**ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း**

❖ နေဝင်မြင်သည် ဝရွှေပြည်ရတုရဲ့ အကြောင်းအရာကို ဆရာက အသေးစိတ်ရှင်းပါ။
❖ ကျောင်းသုံးစာအုပ်ရဲ့ လေ့ကျင့်ခန်းမေးခွန်း (၁) ကို လေ့ကျင့်ခန်းစာအုပ်ထဲမှာဖြေရန် အိမ်စာပေးပါ။
❖ ဆရာက အဖြေ မှန်၊ မမှန် စစ်ဆေးပါ။

**လုပ်ငန်းစဉ် ၂**
**လေ့ကျင့်ခြင်း**

❖ ကျောင်းသားတွေကို အုပ်စု ၄ စု ဖွဲ့ပါ။
❖ အုပ်စုတစ်စုကို လေ့ကျင့်ခန်းမေးခွန်း (၂)၊ အုပ်စုတစ်စုကို လေ့ကျင့်ခန်းမေးခွန်း (၃)၊ အုပ်စုတစ်စုကို လေ့ကျင့်ခန်းမေးခွန်း (၄)၊ အုပ်စုတစ်စုကို လေ့ကျင့်ခန်းမေးခွန်း (၅) တို့ကို ဖြေပါစေ။
❖ အုပ်စုအချင်းချင်း အဖြေကို အပြန်အလှန်စစ်ဆေးပါစေ။
❖ ပြီးမှ အုပ်စုအားလုံးရဲ့အဖြေကို ဆရာက စစ်ဆေးပါ။

DBE BOX - Copyright Protected

## ပျို့

| | |
|---|---|
| **သင်ခန်းစာခေါင်းစဉ်** | **– ပျို့** |
| **ရည်ရွယ်ချက်** | **– ပျို့၏ သဘောသဘာဝများကို သိရှိစေရန်၊ ပျို့ကို လေ့လာတတ်စေရန်** |
| **သင်ယူမှုရလဒ်** | **– ပျို့၏ သဘောသဘာဝများကို သိရှိပြီး ပျို့ကို လေ့လာတတ်လာမည်။** |
| **သင်ကြားနည်း** | **– အမေးအဖြေနည်း၊ ဆွေးနွေးမေးမြန်းနည်း၊ ပူးပေါင်းပါဝင် သင်ကြားနည်း** |
| **သင်ထောက်ကူပစ္စည်း** | **– ကာရန်စနစ်များကိုရေးမှတ်ထားသည့် စာကတ်ပြားများ** |
| **သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** | **– စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်** |
| **စာသင်ချိန်** | **– ၂ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်** |

**စာသင်ချိန် ၁**

DDE BOX - Copyright Protected

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

❖ "အခုစာသင်ချိန်မှာ ပျို့ရဲ့သဘောသဘာဝနဲ့ ပျို့လေ့လာနည်းကို သင်ကြားပေးမယ်"လို့ နိဒါန်းပျိုးပါ။

❖ ပျို့ဆိုတာ နှစ်သက်ခြင်း၊ ရွှင်ပျခြင်းကို ဖြစ်စေတတ်တဲ့အတွက် ပျို့လို့ခေါ်ခြင်းဖြစ်ကြောင်း၊ "ပို့" ဆိုတဲ့စကားကဆင်းသက်လာပြီး "ပျို့"ဖြစ်လာတယ်လို့ယူဆကြကြောင်း၊ "ပို့" ဆိုတာ ပို့ဆောင်ခြင်း၊ ရောက်အောင်ပို့ခြင်းလို့အနက်ရကြောင်း ပျို့ဆိုတဲ့ ဝေါဟာရရဲ့အနက်အဓိပ္ပာယ်ရှင်းပါ။

❖ ပျို့ဆိုတာ ပိုဒ်ရေပေါင်းများစွာ ပါဝင်တဲ့ လေးလုံးစပ်ကဗျာရှည် တစ်မျိုးဖြစ်ကြောင်း၊ အလင်္ကာ အဆင်တန်ဆာများနဲ့ ဝေဝေဆာဆာရေးဖွဲ့လေ့ရှိကြောင်း ပျို့ရေးစပ်ပုံကို ရှင်းပါ။

❖ ပျို့ရေးဖွဲ့လေ့ရှိတဲ့အကြောင်းအရာများမှာ ဗုဒ္ဓဝင်၊ ငါးရာ့ငါးဆယ်၊ ဇာတ်တော်ကြီးဆယ်ဘွဲ့လို့ ခေါ်လေ့ရှိတဲ့ ဇာတကဝတ္ထုတွေ၊ ဇင်းမယ်ပဏ္ဏာသဝတ္ထုတွေ၊ သြဝါဒတွေ၊ နီတိတွေဖြစ်ကြောင်း၊ ဇာတ်တော်တွေကို ရေးဖွဲ့ရာမှာ အစကနေ အဆုံး ရေးဖွဲ့ရကြောင်းရှင်းပါ။

**လုပ်ငန်းစဉ် ၂**
**ရှင်းပြခြင်း**

❖ ပျို့စပ်နည်းတွေကိုရှင်းပါ။

❖ ပျို့ကို လေးလုံးစပ်လင်္ကာရေးနည်း ၆ နည်းနဲ့ ရေးဖွဲ့ရကြောင်း၊ လေးလုံးစပ်လင်္ကာစပ်နည်း ၆ နည်းရှိကြောင်းရှင်းပါ။

❖ ပျို့ရေးဖွဲ့တဲ့အခါမှာ ပိုဒ်ရေကို အလိုရှိသလို ရေးဖွဲ့နိုင်ကြောင်း၊ ပိုဒ်ရေ အကန့်အသတ်မရှိကြောင်းရှင်းပါ။

❖ နောက်ဆုံးစာကြောင်းကို အက္ခရာ ၄ လုံး၊ ၅ လုံး၊ ၇ လုံး၊ ၈ လုံး စသည်ဖြင့်ရေးနိုင်ကြောင်း ရှင်းပါ။

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**
**ရှင်းပြခြင်း**

❖ ပုတ္တောဝါဒပျို့၏ အကြောင်းအရာကို ဆရာက အသေးစိတ်ရှင်းပါ။

❖ ပျို့ပါ အကြောင်းအရာအသေးစိတ်ကို ရေးသားခဲ့ရန် အိမ်စာပေးလိုက်ပါ။

❖ ဆရာက အဖြေ မှန်၊ မမှန် စစ်ဆေးပါ။

**လုပ်ငန်းစဉ် ၂**
**လေ့ကျင့်ခြင်း**

❖ ကျောင်းသားတွေကို အုပ်စု ၄ စု ဖွဲ့ပါ။

❖ အုပ်စုတစ်စုကို လေ့ကျင့်ခန်းမေးခွန်း (၂)၊ အုပ်စုတစ်စုကို လေ့ကျင့်ခန်းမေးခွန်း (၃)၊ အုပ်စုတစ်စုကို လေ့ကျင့်ခန်းမေးခွန်း (၄)၊ အုပ်စုတစ်စုကို လေ့ကျင့်ခန်းမေးခွန်း (၅) တို့ကို ဖြေပါစေ။

❖ အုပ်စုအချင်းချင်း အဖြေကို အပြန်အလှန်စစ်ဆေးပါစေ။

❖ အုပ်စုအားလုံး၏အဖြေကို ဆရာက စစ်ဆေးပါ။

DBE BOX Copyright Protected

## အချိုး

| | |
|---|---|
| **သင်ခန်းစာခေါင်းစဉ်** | **– အချိုး** |
| **ရည်ရွယ်ချက်** | **– အချိုးကဗျာ၏ သဘောသဘာဝများကို သိရှိစေရန်၊ အချိုးကဗျာများကို လေ့လာတတ်စေရန်** |
| **သင်ယူမှုရလဒ်** | **– အချိုးကဗျာ၏ သဘောသဘာဝများကို သိရှိပြီး အချိုးကဗျာကို လေ့လာတတ်လာမည်။** |
| **သင်ကြားနည်း** | **– အမေးအဖြေနည်း၊ ဆွေးနွေးမေးမြန်းနည်း၊ ပူးပေါင်းပါဝင် သင်ကြားနည်း** |
| **သင်ထောက်ကူပစ္စည်း** | **– ကာရန်စနစ်များကိုရေးမှတ်ထားသည့် စာကတ်ပြားများ** |
| **သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** | **– စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၁ ခု ပြုလုပ်ရန်** |
| **စာသင်ချိန်** | **– ၉ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်** |

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- ❖ အခုစာသင်ချိန်မှာ အချိုးကဗျာတွေရဲ့သဘောသဘာဝနဲ့ လေ့လာရမဲ့နည်းလမ်းတွေကို သင်ကြားပေးသွားမှာဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- ❖ "အချိုးအဆစ်များပါဝင်တဲ့ ကဗျာကို အချိုးကဗျာလို့ခေါ်တယ်" လို့ ရှင်းပါ။
- ❖ အချိုးဆိုတာ ကဗျာအဖွဲ့ပုံသဏ္ဌာန်မှာ ဒွေးချိုး၊ တြိချိုး၊ လေးချိုးနဲ့ အချိုးတွဲတို့ ပါဝင်ကြောင်း ရှင်းပါ။
- ❖ ဒွေးချိုးဆိုတာ အချိုးနှစ်ချိုးပါဝင်တဲ့ ကဗျာမျိုးဖြစ်ကြောင်း၊ ပထမအချိုးကို အခံလို့ခေါ်ပြီး အချီလို့လဲခေါ်ကြောင်း၊ ဒုတိယအချိုးကို အအုပ်လို့ခေါ်ပြီး အချလို့လဲခေါ်ကြောင်းရှင်းပါ။
- ❖ ဒွေးချိုးကို နှစ်ဆစ်ချိုးလို့လဲ ခေါ်ကြောင်းရှင်းပါ။
- ❖ ဒွေးချိုးစပ်နည်းကို သာဓကများနဲ့တကွရှင်းပါ။

DREBOX - Copyright Protected

❖ အချိုးနှစ်ချိုးရှိတဲ့အနက် အခံချိုးမှာ အနည်းဆုံး နှစ်ပိုဒ်ရေးပြီး အအုပ်ချိုးမှာအနည်းဆုံး နှစ်ပိုဒ်နဲ့ အုပ်လေ့ရှိကြောင်း သာဓကများနဲ့တကွရှင်းပါ။

**သာဓက–**

<u>၂ ပိုဒ်ခံ ၂ ပိုဒ်အုပ် ဒွေးချိုး</u>

မိုးချုပ်လို့နေရီ

တိမ်နီ ကဝင်း ။

ကိုကြီးကျော်ပြန်မဲ့လမ်းမှာ

ပန်းနံ့ကသင်း။

<u>၂ ပိုဒ်ခံ ၃ ပိုဒ်အုပ် ဒွေးချိုး</u>

ပျိုလေးရက်တဲ့ ရက်ကန်းစင်

ဘာဆင်လို့မေး။

မေးပါနဲ့အေ

တို့တစ်တွေ ချွေတာခြင်းကြောင့်

တင်းထိမ်* တဲ့လေး။

(တင်းထိမ်* = ကာ ရန်၊ ခြံ ရန် အတွက် ချုပ်ထားသောအထည်။)

<u>၂ ပိုဒ်ခံ ၄ ပိုဒ်အုပ် ဒွေးချိုး</u>

ဦးကော့လို့ ပဲ့ထောင်

ကုန်လှောင်လို့ လူစီး။

ထိုးဝါးကိုကိုင်

ကြိုးဆွဲသူတယိုင်ယိုင်နဲ့

ရွက်တိုင်ကို လေမသိမ်းတယ်

ပိန်းကောမကြီး။

DPEPOK - Copyright Protected

<u>၄ ပိုဒ်ခံ ၄ ပိုဒ်အုပ် ဒွေးချိုး</u>

ပန်းစံပယ်
နန်းလယ်မပေါ်ခိုက်ဟာမို့
အလိုက်တော်တန်သင့်ရုံပ
ခံပွင့်ကို ကုံး။
နန်းရဝေ
မန်းမြေမှာ စံပယ်လှိုင်တော့
ခံပန်းခိုင် ယာယီရွှေ့တယ်
တောလေ့ရွာသုံး။

စတာတွေကို စိတ်ကူးညာဏ်ရှိသလောက် ကွန့်မြူးရေးသားနိုင်ကြောင်းရှင်းပါ။

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**
**သင်ကြားခြင်း**

❖ ဒွေးချိုးကဗျာမှာ ပိုဒ်ဆုံးကာရန်(အချိုးသတ်ကာရန်)တွေက ချသံတွေဖြစ်ရမယ်၊ အထူးသဖြင့် ဝိသဇ္ဇနီသံတွေဖြစ်ရမယ်။ ချီသံ ဒါမှမဟုတ် တက်သံကိုမသုံးရဘူးဆိုတာကို သာဓကေနဲ့တကွ ရှင်းပါ။

**သာဓက–**

ပျိုလေးရက်တဲ့ရက်ကန်းစင်
ဘာဆင်လို့ <u>မေး</u>။ (ချသံ)
မေးပါနဲ့အေ
တို့တစ်တွေ ချွေတာခြင်းကြောင့်
တင်းတိမ်တဲ့ <u>လေး</u>။ (ချသံ)

❖ ဒွေးချိုးကဗျာအချို့ကို သင်ပုန်းပေါ်မှာရေးပေးပါ။ ပိုဒ်ဆုံးကာရန်နဲ့ ပိုဒ်တွင်းကာရန်တွေကို ရှာပါစေ။

DBE BOX - Copyright Protected

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**
**လေ့ကျင့်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း**

- ❖ ကျောင်းသားများကို အုပ်စု ၃ စု ဖွဲ့ပါ။
- ❖ အုပ်စုတစ်စုကို လေ့ကျင့်ခန်းမေးခွန်း (၁)၊ အုပ်စုတစ်စုကို လေ့ကျင့်ခန်းမေးခွန်း (၂)၊ အုပ်စုတစ်စုကို လေ့ကျင့်ခန်းမေးခွန်း (၃) တို့ကို ဖြေပါစေ။
- ❖ အုပ်စုအချင်းချင်း အဖြေကို အပြန်အလှန်စစ်ဆေးပါစေ။
- ❖ အုပ်စုအားလုံးရဲ့အဖြေကို ဆရာက စစ်ဆေးပါ။

## စာသင်ချိန် ၄

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- ❖ အခုစာသင်ချိန်မှာ တြိချိုးကဗျာတွေရဲ့သဘောသဘာဝနဲ့ လေ့လာရမဲ့နည်းလမ်းတွေကို သင်ကြားပေးသွားမှာဖြစ်ကြောင်းနိဒါန်းပျိုးပါ။
- ❖ တြိဆိုတာ သုံးခုလို့ အဓိပ္ပာယ်ရတဲ့ ပါဠိစကားဖြစ်ကြောင်း၊ ဒါကြောင့် အချိုးသုံးခုပါဝင်တဲ့ ကဗျာအမျိုးအစားကို တြိချိုးလို့ခေါ်ကြောင်း ရှင်းပါ။
- ❖ ဒွေးချိုးစပ်နည်းကိုသိရင် တြိချိုးစပ်နည်းကို သိဖို့မခက်တော့ကြောင်း၊ ဒွေးချိုးဆိုတာ အချိုးနှစ်ခုပေါ်မှာ အထက်ကတစ်ချိုး ထပ်ဆင့်လိုက်ရုံသာဖြစ်ကြောင်း၊ ထပ်တိုးလိုက်တဲ့ ပထမအချိုးမှာ ချီသံခေါ် တက်သံနဲ့ဆုံးရမှာဖြစ်ကြောင်း၊ ချီသံခေါ် တက်သံမှတစ်ပါး အခြားအသံတွေနဲ့ အချိုးကာရန် မချနိုင်ကြောင်း ရှင်းပါ။
- ❖ တြိချိုးမှာ ပထမအချိုးကာရန်အတိုင်း ဒုတိယအချိုးမှာလဲ ပိုဒ်တွင်းကာရန်ယူရကြောင်း အဲဒီလို ပထမအချိုးရဲ့နောက်ကိုလိုက်ပြီး ဒုတိယအချိုး အဆုံးသတ်ခါနီးမှာ ကာရန်ယူတာကို ခွာထောက်ကာရန်လို့ဆိုကြောင်း၊ တြိချိုးမှာ ခွာထောက်ကာရန်ယူမိအောင် အထူးဂရုစိုက်ရကြောင်း၊ ခွာထောက်ကာရန်လွဲရင် ပထမအချိုးနဲ့ ဒုတိယအချိုး အချိတ်အဆက်မမိဘဲ တခြားစီဖြစ်သွားလိမ့်မယ်ဆိုတာကို ရှင်းပါ။

DREBOX- Copyright Protected

## စာသင်ချိန် ၅

**လုပ်ငန်းစဉ် ၁**
**သင်ကြားခြင်း**

❖ သင်ပုန်းပေါ်မှာ အောက်ပါတြိချိုးကဗျာကိုရေးပါ။

❖ အချိုးကာရန်၊ ပိုဒ်တွင်းကာရန်၊ ခွာထောက်ကာရန်များအကြောင်းရှင်းပါ။

**သာဓက–**

| | |
|---|---|
| ပထမအချိုး | တပို့တွဲ |
| | ပေါက်လဲရယ် ငုံစီစီ |
| | ဖူးတံကချီ။ |
| ဒုတိယအချိုး | သည်ရာသီ |
| | ဗာဟီ* က အပြောင်း။ |
| | (ဗာဟီ* = နေသွားလမ်းသုံးခုအနက် အပြင်လမ်း) |
| တတိယအချိုး | ပျိုတို့မောင် ရွှေရောင်တွဲ(ငယ်နှင့်) |
| | ခါမမီ ယာယီခွဲ (လို့ရယ်) |
| | လွဲပေ့ါ သည်ဆောင်း။ |

❖ အပေါ်က"တြိချိုးမှာ 'ဖူးတံကချီ'က 'ချီ'ဟာ ပထမအချိုးကာရန်ဖြစ်တယ်။ 'ဗာဟီက အပြောင်း' က 'ပြောင်း'ဟာ ဒုတိယအချိုးကာရန်ဖြစ်တယ်။ 'လွဲပေ့ါသည်ဆောင်း'က 'ဆောင်း' ဟာ တတိယအချိုးကာရန်ဖြစ်တယ်" ဆိုတာရှင်းပါ။

❖ 'ပထမအချိုးမှာ 'တွဲနဲ့ လွဲ'၊ 'စီနဲ့ချီ'တို့ဟာ ကာရန်ညီကြတယ်။ ဒုတိယအချိုးမှာ'သီ' နဲ့ 'ဟီ' တို့ဟာ ကာရန်ညီကြတယ်။ အဲဒီကာရန်မှာ ပထမအချိုးကာရန်နဲ့ အချိတ်အဆက်မိရမှာဖြစ်တယ်။ အဲဒီ'အီ'ကာရန်ကို ခွာထောက်ကာရန်လို့ခေါ်တယ်"ဆိုတာရှင်းပါ။

❖ တတိယအချိုးမှာ "တွဲ" ၊"ခွဲ"နဲ့ "လွဲ"တို့ဟာ ပိုဒ်တွင်း ကာရန်များဖြစ်ကြောင်းရှင်းပါ။

❖ တြိချိုးကဗျာမှာဆင့်ထားတဲ့ ပထမအချိုးကို ဖြုတ်လိုက်ရင် ဒွေးချိုးပဲ ကျန်ရစ်မှာဖြစ်ကြောင်း ရှင်းပါ။

❖ တြိချိုးကဗျာတစ်ပုဒ်ကို သင်ပုန်းပေါ်မှာချရေးပေးပြီး အချိုးကာရန်၊ ခွာထောက်ကာရန်၊ ပိုဒ်တွင်း ကာရန်တွေကို ကျောင်းသားအားလုံး ရှာပါစေ။



DBE BOX - Copyright Protected

## စာသင်ချိန် ၆

### လုပ်ငန်းစဉ် ၁
### လေ့ကျင့်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း

- ❖ ကျောင်းသားတွေကို အုပ်စု ၃ စု ဖွဲ့ပါ။
- ❖ အုပ်စုတစ်စုကို လေ့ကျင့်ခန်းမေးခွန်း (၁)၊ အုပ်စုတစ်စုကို လေ့ကျင့်ခန်းမေးခွန်း (၂)၊ အုပ်စုတစ်စုကို လေ့ကျင့်ခန်းမေးခွန်း (၃) တို့ကို ဖြေပါစေ။
- ❖ အုပ်စုအချင်းချင်း အဖြေကို အပြန်အလှန်စစ်ဆေးပါစေ။
- ❖ အုပ်စုအားလုံးရဲ့အဖြေကို ဆရာက စစ်ဆေးပါ။
- ❖ လေ့ကျင့်ခန်းမေးခွန်း (၄) ကို လေ့ကျင့်ပါစေ။

## စာသင်ချိန် ၇

### လုပ်ငန်းစဉ် ၁

### နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း

- ❖ အခုစာသင်ချိန်မှာ လေးချိုးကဗျာတွေရဲ့သဘောသဘာဝနဲ့ လေ့လာရမဲ့နည်းလမ်းတွေကို သင်ကြားပေးသွားမှာဖြစ်ကြောင်းနိဒါန်းပျိုးပါ။
- ❖ လေးချိုးဆိုတာ တက်သံ ဒါမှမဟုတ် ပကတိသံနဲ့ချရတဲ့ အချိုးနှစ်ခုနဲ့ အောက်မြစ်သံ၊ ဝိစ္စပေါက်သံတို့နဲ့ ချရတဲ့ အချိုးနှစ်ခု၊ စုစုပေါင်း အချိုးလေးခုပါဝင်တဲ့ ကဗျာအမျိုးအစားဖြစ်ကြောင်းရှင်းပါ။
- ❖ လေးချိုးစပ်နည်းဟာ ဒွေးချိုးပေါ်မှာ တက်သံ ဒါမှမဟုတ် ပကတိသံနဲ့ချရတဲ့ အချိုးနှစ်ခုထပ်ဆင့်လိုက်ရင် လေးချိုးဖြစ်လာကြောင်း၊ တတိယအချိုးမှာ ခွာထောက်ကာရန် ပါလေ့ရှိကြောင်း သာဓကများနဲ့တကွရှင်းပါ။

**သာဓက–**

ကြောင်ဖားရယ် မြီးတံတို။<br>
အဆီကိုစားပါလို့ အသားကိုမျို။<br>
ကြောင်အိုပေမွေး။<br>
ကိုက်ပါနဲ့လေး။

- ❖ ဒွေးချိုး၊ တြိချိုးနဲ့ လေးချိုးတို့ကို တစ်ခါတစ်ရံ သဖြန်လို့ အမည်တပ်ကြကြောင်းပြောပါ။

DBE BOX Copyright Protected

- ❖ ပတ်ပျိုး၊ ယိုးဒယားစတာတွေကို သီဆိုတီးမှုတ်လို့ ပြီးဆုံးတဲ့အခါ အသံကို ဖြန့်ဖြေတဲ့သဘော နဲ့ ဒွေးချိုးကိုဖြစ်စေ၊ တြိချိုးကိုဖြစ်စေ၊ လေးချိုးကိုဖြစ်စေ သီဆိုပြီး အဆုံးသတ်လေ့ရှိကြောင်း ရှင်းပါ။
- ❖ အဲဒီအခါမျိုးမှာ ဒွေးချိုးသဖြန်၊ တြိချိုးသဖြန်၊ လေးချိုးသဖြန်လို့ ခေါ်လေ့ရှိကြောင်းရှင်းပါ။
- ❖ အချိုးကို ခွန်းထောက်လို့လဲ မြန်မာ့ဇာတ်သဘင်လောကမှာ ခေါ်သေးကြောင်း၊ ရုပ်သေး၊ ဇာတ်သဘင်နဲ့ အငြိမ့်တွေမှာ မင်းသား၊ မင်းသမီးနှစ်ပါးသွားခန်းကျရင် လူရွှင်တော်က အထောက်အကြံ့ နှုတ်ခွန်းဆက်သတဲ့သဘောနဲ့ အချိုးတစ်ခုခုကို သီဆိုကြောင်း၊ ဒါကြောင့် အဲဒီအချိုးကို ခွန်းထောက်လို့ ခေါ်ကြောင်းရှင်းပါ။

## စာသင်ချိန် ၈

**လုပ်ငန်းစဉ် ၁**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

- ❖ သင်ပုန်းပေါ်မှာ လေးချိုးကဗျာတစ်ပုဒ်ကို ရေးပါ။
- ❖ အချိုးကာရန်၊ ပိုဒ်တွင်းကာရန်၊ ခွာထောက်ကာရန်တွေအကြောင်း ရှင်းပြသင်ကြားပါ။

(တြိချိုးကဗျာသင်ကြားတဲ့အတိုင်း သင်ကြားပါရန်)

## စာသင်ချိန် ၉

**လုပ်ငန်းစဉ် ၁**

**လေ့ကျင့်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း**

- ❖ ကျောင်းသားတွေကို အုပ်စု ၃ စု ဖွဲ့ပါ။
- ❖ အုပ်စုတစ်စုကို လေ့ကျင့်ခန်းမေးခွန်း (၁)၊ အုပ်စုတစ်စုကို လေ့ကျင့်ခန်း မေးခွန်း (၂)၊ အုပ်စု တစ်စုကို လေ့ကျင့်ခန်းမေးခွန်း (၃) တို့ကို ဖြေပါစေ။
- ❖ အုပ်စုအချင်းချင်း အဖြေကို အပြန်အလှန်စစ်ဆေးပါစေ။
- ❖ အုပ်စုအားလုံးရဲ့အဖြေကို ဆရာက စစ်ဆေးပါ။
- ❖ လေ့ကျင့်ခန်းမေးခွန်း (၄) ကို လေ့ကျင့်ပါစေ။

**စာအညွှန်း**

၁။ ခင်မင်၊ **မောင်(ဓနုဖြူ)**။ (၁၉၉၅)။ ကဗျာသဘောတရား၊ ကဗျာလေ့လာချက်။ ရန်ကုန်၊ လင်းစာပေ။

၂။ တင်မိုးနှင့်အများ။ (၁၉၃၈)။ မြန်မာကဗျာစာတမ်းများ။ ရန်ကုန်၊ စာပေဗိမာန်။



DBE BOX Copyright Protected

၃။ ဖိုးစိန်၊ **ဦး**(ဝဇီရဗုဒ္ဓိ-)။ (ခုနှစ်မပါ)။ အထက်တန်းကဗျာဖွဲ့နည်းကျမ်း။ ရန်ကုန်၊ တိုးစာပေ။
၄။ ထွန်းရွှေ၊ **ဦး**။ (၁၉၅၅)။ ကဗျာစွယ်စုံကျမ်းကြီး။ ရန်ကုန်၊ ပညာအလင်းပြစာပေ။
၅။ မိုးဟိန်းဇော်။ ( ၂၀၁၆)။ မြန်မာကလေးကဗျာရေးစီးကြောင်း။ ရန်ကုန်၊ ဓူဝံစာပေ။
၆။ မင်းသုဝဏ်နှင့်မင်းယုဝေ။ (၁၉၆၃)။ ကဗျာ့ပရိယာယ်။ မန္တလေး၊ မိုးဦးပန်းစာပေ။
၇။ မြဇင်။ (၁၉၉၈)။ ကဗျာ့နရီနှင့်နိမိတ်ပုံ။ ရန်ကုန်၊ အသိုင်းအဝိုင်းစာပေ။
၈။ မြင့်ကြည်၊ **မောင်**(စာပေဗိမာန်)။ (၂၀၀၆)။ မြန်မာကဗျာဖွဲ့နည်းများ။ ရန်ကုန်၊ မိုးမြင့်စာပေ။
၉။ လွင်၊ **ဦး**(ပညာအုပ်-)။ (၁၉၆၆)။ ကဗျာသင်္ဂဟမေဒနီ။ ရန်ကုန်၊ ဟံသာဝတီစာအုပ်တိုက်။
၁၀။ လွန်း၊ **ဦး**။ (၁၉၅၅)။ ကဗျာသာရတ္ထသင်္ဂြိုဟ်။ ရန်ကုန်၊ သူရိယသတင်းစာပုံနှိပ်တိုက်။
၁၁။ အောင်ငွေး(ဥက္ကလာ) ။ (၂၀၁၇)။ မြန်မာကဗျာလေ့လာနည်း။ ရန်ကုန်၊ တက်တိုးစာပေ။

DBE BOX - Copyright Protected